ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလဆန်း ၁၂ ရက်၊ တနင်္လာနေ့၊ (14-7-2008) (၅၇၃၉)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်သစ်သမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၁၄

၂၀၀၈ ခုနှစ် ဇူလိုင် ၁၄ ရက်တွင်ကျရောက်သော ပြင်သစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပြင်သစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ နီကိုလပ်(စ်)ဆာကိုဇီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ တက်ရောက်ကြည်ညို၊ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၃

ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အနော်ရထာခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဩသဓာဘိဝံသနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိတို့ အမှူးပြုတော်မူသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်များနှင့် ပင့်ဖိတ်ထားသည့် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး

စာမျက်နှာ ၄ ကော်လံ ၁ သို့ *

ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် ဘဒ္ဒန္တဩသဓာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror
၁၄-၇-၂၀၀၈
(တနင်္လာနေ့)

စစ်တောင်းတံတား (မုပ္ပလင်) ဖွင့်လှစ် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု မြန်ဆန်သွက်လက်

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်နှင့် ပဲခူးတိုင်း ဝေါမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ထားသည့် စစ်တောင်းမြစ်ကူး စစ်တောင်းတံတား(မုပ္ပလင်)ကို ဇူလိုင်လ ၁၂ ရက်နေ့က ဖွင့်လှစ်လိုက်သည်။ ယာဉ်တစ်စီးချင်း ခွင့်ပြုခံနိုင်ဝန် တန် ၆၀ ရှိသည့် သံမဏိသံပေါင် တံတားအမျိုးအစားဖြစ်ပြီး တံတားအရှည်မှာ ၂၃၉၂ ဒသမ ၇ ပေရှိသည်။

လက်ရှိအသုံးပြုနေသည့် စစ်တောင်းတံတား (သိမ်ဇရပ်)၏ မော်တော်ကားလမ်းသည် သက်တမ်း ၄၅ နှစ်ကျော် ကြာရှည်နေပြီး သံပေါင်အစွန်းထွက် ရက်မများပေါ်တွင် တည်ဆောက်ထားရာ ယာဉ်နှင့်ကုန် ၁၆ တန်ကိုသာ ဖြတ်သန်းခွင့်ပြုနိုင်သဖြင့် ယခုကဲ့သို့ သီးခြားတံတားသစ် တည်ဆောက်ဖွင့်လှစ်ပေးခြင်းဖြစ်သည်။

တည်ငြိမ်အေးချမ်းမှုရှိခြင်း၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ခြင်း၊ ရေမြေသဘာဝသယံဇာတ ပေါများကြွယ်ဝခြင်း၊ ကုန်စည်စီးဆင်းမှု သွက်လက်ကောင်းမွန်ခြင်းတို့သည် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အခြေခံလိုအပ်ချက်များဖြစ်သဖြင့် နိုင်ငံတော်အစိုးရက ပြည်နယ်နှင့် တိုင်းဒေသအနှံ့၌ လမ်းသစ်၊ တံတားသစ်ပေါင်းများစွာကို တည်ဆောက်ပေးနေခြင်းဖြစ်သည်။

ယခုအခါ နိုင်ငံတစ်ဝန်း၌ စစ်တောင်းတံတား(မုပ္ပလင်)အပါအဝင် ပေ ၁၈၀နှင့်အထက် တံတားကြီးပေါင်း ၂၃၅ စင်း တည်ဆောက်ပေးထားပြီးဖြစ်ရာ ပြည်ထောင်စုတစ်ဝန်း အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် သွားလာ၍ရသည့် လမ်းကွန်ရက်စနစ်ဖြစ်ပေါ်နေပြီဖြစ်သည်။

မွန်ပြည်နယ် အတွင်းတွင်လည်း အထူးစီမံကိန်းတံတားကြီးများကို တည်ဆောက်ပေးလျက်ရှိရာ စစ်တောင်းတံတား(မုပ္ပလင်) သည် မွန်ပြည်နယ်၏ ဆဋ္ဌမမြောက်တံတားဖြစ်သည်။ တစ်ချိန်က လမ်းပန်းဆက်သွယ်မှု အခက်အခဲကြောင့် အနေနီးလျက် ခရီးဝေးနေရသည့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့သည် ယခုအခါ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်မှုနှင့်အတူ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု သွက်လက်မြန်ဆန်လာပြီး စီးပွားရေးဖွံ့ဖြိုးမှုအတွက် ပိုမိုအကျိုးပြုလာနိုင်မည်ဖြစ်သည်။

ယခုကဲ့သို့ လမ်းသစ်၊ တံတားသစ်ပေါင်းများစွာကို တိုးချဲ့ဖောက်လုပ်တည်ဆောက်နိုင်ခြင်းသည် နိုင်ငံတော်၏ ခနအင်အားကိုသာမက မြန်မာအင်ဂျင်နီယာများ၏ အတတ်ပညာစွမ်းအားနှင့် တီထွင်ကြံဆကြိုးပမ်းအားထုတ်နိုင်မှုတို့ကို မှတ်ကျောက်တင် ဖော်ညွှန်းလျက်ရှိပြီး ကုန်သွယ်စီးပွားဖွံ့ဖြိုးမှုနှင့်အတူ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်မြင့်မားလာမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်ပျဉ်းမနားမြို့နယ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၁၃

နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ဇူလိုင် ၁၂ ရက်နံနက် ၈ နာရီခွဲတွင် နေပြည်တော်ပျဉ်းမနားမြို့နယ် တောင်ညိုကျေးရွာ၌ ကျင်းပသော ၂၀၀၈ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားသို့ တက်ရောက်၍ မဲဇလီပင်ကို စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများက သစ်ပင်များကို တပျော်တပါး စိုက်ပျိုးကြသည်။

ထို့နောက် တိုင်းမှူးသည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါ အခမ်းအနားတွင် စိုက်ကွက်ဧက ၁၀ ဧက၌ အရိပ်ရ လေကာပင်ဖြစ်သည့် မဲဇလီပင်၃၀၀၀ စိုက်ပျိုးပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူအင်အား ၇၀၀ ခန့် တက်ရောက်ကြသည်။

ယင်းနောက် တိုင်းမှူးသည် နေပြည်တော်ပျဉ်းမနားခရိုင်သစ်တောဦးစီးဌာနက မအူလေးပင်ကျေးရွာအနောက်ဘက် တောင်ညိုကြိုးဝိုင်းအကွက်အမှတ်(၅၈/၅၉)၌ စိုက်ပျိုးထားသော သီးခြားကျွန်းစိုက်ခင်း ၇၀၅ ဧက၊ စိုက်ပျိုးပင်ပေါင်း ၃၈၀၇၀၀ ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စိုက်ပျိုးပေး

နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော် ပျဉ်းမနားမြို့နယ် တောင်ညိုကျေးရွာ၌ ကျင်းပသော ၂၀၀၈ ခုနှစ် မိုးရာသီ သစ်ပင် စိုက်ပျိုးပွဲတော်တွင် မဲဇလီပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီးတို့ ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေထံ မုန်တိုင်းတိုက်ခတ်ခံရသောဒေသများအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနမှလှူဒါန်းငွေများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်း-ဖော်ပြပြီး) (ဘဏ္ဍာ/အခွန်)

ဝါတွင်းသီလပေးပွဲနှင့် တရားပွဲများ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၃

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါတွင်းကာလ ဓမ္မသဘင်အဖြစ် ရှစ်ရက်လပြည့်၊ လကွယ်နေ့တိုင်း ဥပုသ်ရက်များတွင် ဂေါပကအဖွဲ့ရုံး၊ အာရုဏ်ခံတန်ဆောင်းကြီးအပေါ်ထပ်၌ နံနက် ၉ နာရီခွဲတွင် သီလပေးပွဲများကိုလည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားပွဲများကိုလည်းကောင်း နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၊ ကမ္ဘာအေးစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်မှ ဆရာတော်ကြီးများက ဟောကြားချီးမြှင့်မည်ဖြစ်ရာ တရားချစ်ခင် သူများအနေဖြင့် ဝါတွင်း ဥပုသ်ရက်တိုင်း တရားတော်နာကြွရောက်နိုင်ကြကြောင်း သိရသည်။ (က-ပ)

ပညာရည်ချွန်ဆုပေးပွဲနှင့် အလှူငွေပေးအပ်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၃

မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၅)၊ (ယခင်စိန့်မိုက်ကယ်ကျောင်း)၏ ပညာရည်ချွန်ဆုပေးပွဲနှင့် ကျောင်းဆောင်ကြီးပြန်လည်ပြုပြင် မွမ်းမံရေး အလှူငွေပေးအပ်ပွဲကို ဇူလိုင် ၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသူကျောင်းသားဟောင်း များအနေဖြင့် ကျောင်းပြုပြင်မွမ်းမံရေး အဖွဲ့ဝင်များဖြစ်သော အထက(၅) ကျောင်းအုပ်ဆရာမကြီး ဒေါ်လေးလေး ဖုန်း-၂၉၁၅၆၃၊ ဦးအန်နိုဝါ ဖုန်း-၀၉-၉၉၂၇၆၅၈၊ ဦးခင်မောင်ဦး ဖုန်း-၂၀၀၉၂၀၊ ၂၀၀၆၁၄နှင့် ဦးအောင်မြင့် ဖုန်း-၂၉၀၆၁၅ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၈) ရပ်ကွက် ဇာဒက်ကြီးကျွန်းလမ်းနေ နှစ်ဖက်သောမိဘများ အမှူးထား၍ ဦးလှခင်- ဒေါ်လှရွှေ၊ သား မောင်တက်ထူးအောင်၊ သမီး ဆုမြတ်ထူးတို့က ငွေကျပ် ၁၅၀၀၀၀ ကို ဥက္ကဋ္ဌ ဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်အနောက်ပိုင်း ခရိုင်မော်တော်ယာဉ် လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ ဝန်ထမ်းသား၊ သမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို ဇူလိုင်၁၂ ရက်က ရုံးချုပ်အစည်းအဝေးခန်းမ၌ကျင်းပရာ အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကိုယ်စား ယာဉ်လိုင်းဥက္ကဋ္ဌ ဦးမောင်စံက ထောက်ပံ့ကြေးငွေကျပ် ၄၅၅၅၀၀၀ ကို ကျောင်းသူ၊ ကျောင်းသားများသို့ ပေးအပ်ရာ လေးဘာသာဂုဏ်ထူးရှင်ကျောင်းသူတစ်ဦး လက်ခံယူစဉ်။ (၆၃)

ဂုဏ်ပြုဆု ချီးမြှင့်ပေးအပ်

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တောင်သာမြို့ (၁၃)ကြိမ်မြောက် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲတွင် ၂၀၀၇ - ၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ လေးဘာသာဂုဏ်ထူးရှင် မခိုင်ငြိမ်းပွင့်အား ဂုဏ်ပြုဆု ချီးမြှင့်ပေးအပ်စဉ်။ (စက်မှု-၁)

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း ပညာရည်ချွန်ဆုချီးမြှင့်ပွဲများသို့ တက်ရောက်၍ ဆုများချီးမြှင့်

နေပြည်တော် ဇူလိုင် ၁၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဇနီးဒေါ်ခင်ခင်ရီတို့အား အမှူးထား၍ တောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် စွပ်ကျယ်စက်ရုံ(တောင်သာ)ဝန်ထမ်းမိသားစုများ၏ တောင်သာမြို့ပေါ်ရှိ ကျောင်းတိုက်ပေါင်း ၂၇ ကျောင်းမှ ဝါဆိုသံဃာတော်များအား တတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ဇူလိုင် ၁၁ ရက်နံနက် ၇နာရီခွဲ တွင် တောင်သာမြို့ သာသနဝိပုလာရာမ ကြာကန်ပရိယတ္တိ စာသင်တိုက်၌ကျင်းပရာ တောင်သာမြို့နယ်သံဃ နာယကအဖွဲ့ဥက္ကဋ္ဌ၊ ကြာကန်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုန္ဒရာဘိဝံသထံမှ ဝန်ကြီးနှင့် ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ပင့်သံဃာအရှင်သူမြတ်တို့က ပရိတ် တရားတော်များ ဟောကြား ချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ ဝန်ကြီး ဦးအောင်သောင်း၊ ဇနီးဒေါ်ခင်ခင်ရီတို့က ဆရာတော် ဘဒ္ဒန္တသုန္ဒရာဘိဝံသထံ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် နံနက် ၈ နာရီတွင် တောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊တောင်သာမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် မြို့မိ မြို့ဖများအား တွေ့ဆုံ၍ အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများကို ဘက်စုံဖွံ့ဖြိုးအောင် စီမံဆောင်ရွက်ပေးလျက် ရှိကြောင်း၊ သို့ဖြစ်၍ မိမိတို့နယ်မြေဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို အရှိန်အဟုန်ကောင်းများ ရရှိအောင် ဆောင်ရွက်ကြရန်၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်၏ မူဝါဒ များနှင့်အညီ ပြည်ထောင်စုကြံ့ခိုင် ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းလက်တွဲ ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း မိသားစု၏ (၁၃)ကြိမ်မြောက်ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို နံနက် ၉ နာရီတွင် တောင်သာမြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ ဗဟိုအတွင်းရေးမှူးဝန်ကြီး ဦးအောင်သောင်းက အမှာစကား ပြောကြားပြီး ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော လေးဘာသာ ဂုဏ်ထူးရှင်နှစ်ဦး၊သုံးဘာသာ ဂုဏ်ထူးရှင်တစ်ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင်ရှစ်ဦးနှင့် ၂၀၀၇- ၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိအောင် သင်ကြားပေးခဲ့သော ဆရာ/ဆရာမများအား တစ်ဦးချင်းဂုဏ်ပြုဆုများကိုလည်းကောင်း၊ ဖက်တော အခြေခံပညာအထက်တန်းကျောင်းခွဲမှ ၂၀၀၇-၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက် ၆၄ ဒသမ ၂၉ ရာခိုင်နှုန်း ရရှိစေရန် သင်ကြားပေး ခဲ့ကြသည့် ဆရာ၊ ဆရာမ ရှစ်ဦးတို့အား တစ်ဦးလျှင် ငွေကျပ်ငါးသိန်းနှုန်းဖြင့် ငွေကျပ်သိန်း၄၀အားလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ဝန်ကြီး၏ဇနီးဒေါ်ခင်ခင်ရီက ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ် ကောလိပ်၊ သိပ္ပံ ကျောင်းများ၌ တက်ရောက်သင်ယူခဲ့သည့် တောင်သာမြို့မှ ကျောင်းသား၊ ကျောင်းသူ ၅၀အား ပညာသင်ထောက်ပံ့ကြေးချီးမြှင့်သည်။

ယင်းနောက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ဆီမီးကန် အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ဗဟိုအတွင်းရေးမှူး ဝန်ကြီးမိသားစု၏ ဒသမအကြိမ်မြောက်ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ဗဟိုအတွင်းရေးမှူးဝန်ကြီးက ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်တစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင်တစ်ဦးတို့အားလည်းကောင်း၊ ဝန်ကြီး၏ဇနီးက ဂုဏ်ထူးရရှိအောင်သင်ကြားပေးခဲ့သော ဆရာ၊ ဆရာမများအားလည်းကောင်း ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဆီမီးကန်အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာကြီး ဦးလင်းနှင့် သုံးဘာသာဂုဏ်ထူးရှင်မပြည့်ဖြိုးသူတို့ကကျေးဇူးတင်စကားပြောကြားကြပြီး ဗဟိုအတွင်းရေးမှူးဝန်ကြီးသည် ဆုရကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသားမိဘများအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြင်သစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၁၄

၂၀၀၈ ခုနှစ် ဇူလိုင် ၁၄ ရက်တွင် ကျရောက်သော ပြင်သစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ပြင်သစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖရန်ဆွာ ဖီလွန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ပြင်သစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၁၄

၂၀၀၈ ခုနှစ် ဇူလိုင် ၁၄ ရက်တွင် ကျရောက်သော ပြင်သစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ပြင်သစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဘားနပ် ကုရှ်နာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

NEC Notebook & Personal Computer များအတွက် မြန်မာပြည်၏ တစ်ဦးတည်း ကိုယ်စားလှယ်နှင့် Service Provider အဖြစ် တရားဝင်ခန့်အပ်ခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၁၃

ဂျပန်နိုင်ငံ၏နံပါတ်တစ်အရောင်းရဆုံးဖြစ်သည့် NEC ကွန်ပျူတာများအား မြန်မာနိုင်ငံဈေးကွက်တွင်ဖြန့်ချိရန်အတွက် KMD Group of Companiesသို့တစ်ဦးတည်းကိုယ်စားလှယ်နှင့် Service Provider အဖြစ် တရားဝင်ခန့်အပ်ခြင်း အခမ်းအနားကို ဇူလိုင်၁၁ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ် ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ KMD Group of Companies မှ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဦးသောင်းတင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး Mr. Kiyotaka Matsubara (President of NEC Asia Pacific)နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် လေမုန်တိုင်းဒဏ်ခံခဲ့ရသည့်ဒေသများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာ၌ အသုံးပြုရန် NEC Asia Pacific မှ ကွန်ပျူတာ သုံးစုံနှင့် KMD Group of Companies မှ ပရင်တာ နှစ်လုံးတို့ကိုပေးအပ်လှူဒါန်းရာ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လက်ခံသည်။

ဆက်လက်၍ NEC Computers Asia Pacific မှ KMD Sales & Service Centre အား NEC VERSA Notebook, POWER MATE Desktop ကွန်ပျူတာများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများအတွက် မြန်မာနိုင်ငံ၏ တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် လည်းကောင်း၊ NEC ကွန်ပျူတာများအတွက် NEC မှသတ်မှတ်ထားသော အရည်အသွေး သတ်မှတ်ချက်စံနှုန်းအတိုင်းဝန်ဆောင်မှုပေးမည့် အသိအမှတ်ပြု Service Providerအဖြစ် လည်းကောင်း တရားဝင် ခန့်အပ်လွှာကို ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဦးသောင်းတင်ထံပေးအပ်သည်။**(အောက်ဝဲပုံ)** ထို့နောက် KMDမှ ဝန်ထမ်းနှစ်ဦးအား NEC မှ ကျွမ်းကျင်အတတ်ပညာရှင်အဖြစ် အသိအမှတ်ပြုလွှာများကိုတာဝန်ရှိသူတစ်ဦးက ပေးအပ်သည်။

KMD Computer Sales & Service Centre မှ NEC ၏ နောက်ဆုံးပေါ် VERSA Notebook နှင့် POWERMATE Desktop များကို ရန်ကုန်နှင့် မန္တလေးမြို့များ၌ တစ်ပြိုင်တည်း ရောင်းချသွားမည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါက KMD Computer Sales & Service Centre အမှတ်(၅၅၀-၅၅၂)၊ ကုန်သည်လမ်းနှင့် ၃၆ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၀၄၀၇၁၊ ၃၈၄၁၀၉၊ ၂၄၅၁၈၀၊ KMD Computer Sales & Service Centre (ပြည်လမ်း)၊ အမှတ်-၃၃၁၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ် ရန်ကုန်၊ ဖုန်း- ၅၀၂၂၄၄၊ ၅၀၃၅၁၁၊ ၅၀၃၅၂၂ နှင့် KMD Sales Centre (Mandalay) အမှတ်(၁၀၃/၁) ၇၇လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၂- ၆၀၂၃၉၊ ၆၀၃၆၀ တို့တွင်ဆက်သွယ်ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၄-၇-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အဆိုပြိုင်ပွဲ
၇း၅၀ ၅။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၈း၀၅ ၆။ အကပဒေသာ
၈း၁၅ ၇။ တေးဂီတအစီအစဉ်
၈း၃၀ ၈။ International News.
၈း၄၅ ၉။ အကပြိုင်ပွဲ
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အကပြိုင်ပွဲ
၄း၂၅ ၃။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၄း၄၀ ၄။ "မပြောမပြီးမတီးမမြည်" (နေရဲလင်း၊ မောင်မောင်မြင့်၊ ခင်မောင်စိုးတင့်၊ ရှင်ဖုန်းအိမ့်ချယ်၊ မိုးဇော်၊ ခိုင်ဆုသွယ်၊ စိုင်းခန့်စိုးလင်း) (ဒါရိုက်တာ-မောင်မောင်မြင့်)
၅း၀၀ ၅။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၅း၁၀ ၆။ ရုပ်မြင်ရသတေးစုကဏ္ဍ
၅း၂၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၃၀ ၈။ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ
၅း၄၅ ၉။ တေးဂီတအစီအစဉ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ အလှူရှာမယ်လှကမ္ဘာဝယ်
၆း၅၀ ၁၃။ အတီးပြိုင်ပွဲ
၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မာယာများနှင့် လှည့်ကွက်" (အပိုင်း-၁၁)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်စိတ်ကူးလေး ကောင်းရဲ့သားနဲ့" (အပိုင်း-၁၁)**
၁၉။ အစီအစဉ်ပြီး၏။

ရွှေတိဂုံစေတီတော် ဝါတွင်းကာလ ဘာသာရေးအခမ်းအနားများ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၃

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ဝါတွင်းကာလဥပုသ်နေ့များ၌ သီတင်းသီလဆောက်တည်မှု လွယ်ကူစေရန် သီလခံယူပွဲများ စီစဉ်ကျင်းပမည်ဖြစ်ပြီး ဗုဒ္ဓဝံသဆိုင်ရာ နေ့ထူးနေ့မြတ်အခမ်းအနားဖြစ်သည့် ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့)တွင် ရင်ပြင်တော်ပေါ်ရှိ ဗုဒ္ဓရုပ်ပွားတော် ငါးဆူအား ရွှေကြာသက်န်း ကပ်လှူခြင်း၊ ဓမ္မစကြာ ဒေသနာတော်များ ရွတ်ဆိုပူဇော်ခြင်း၊ ဝါခေါင်လပြည့်နေ့တွင် ပန်းပေါင်း ၈၄၀၀၀ပူဇော်ခြင်းအပြင် ပန်းစေတီ၊ ပန်းပဒေသာပင်များဖြင့် လှည့်လည်ပူဇော်ဆက်ကပ်ခြင်း၊ မေတ္တာသုတ်၊ ခန္ဓသုတ်ပရိတ်တော်များ ရွတ်ဆိုခြင်းကို ဆောင်ရွက်ကြမည်ဖြစ်သည်။

တော်သလင်းလပြည့်နေ့တွင် ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းများဆက်ကပ်ခြင်း၊ ဂရုဓမ္မတရားတော်များ နာကြားခြင်း၊ သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့)တွင် ဆီမီးရောင်စုံများကို အခမ်းအနားဖြင့် လှည့်လည်ပူဇော်ခြင်း၊ စောင်းတန်းလေးသွယ်တွင် လျှပ်စစ်မီးရောင်စုံများ ထွန်းညှိပူဇော်ခြင်း၊ အဘိဓမ္မာတရားတော်များ နာကြားခြင်း စသည့် ဘာသာရေးအခမ်းအနားများ ကျင်းပမည်ဖြစ်သည်။

အများပြည်သူများ လွယ်လင့်တကူ သင့်တင့်သော အလှူငွေဖြင့် အသင့်ဆွမ်းတော်ကြီးကပ်လှူနိုင်ရန် ဂေါပကအဖွဲ့က စီစဉ်ထားပြီးဖြစ်ရာ ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင်များ ပါဝင်ကုသိုလ်ယူပူဇော်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်များက ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစု ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလ ဇောတိထံမှ ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

✳ **ရှေ့ဖုံးမှ**

ကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ)၊ ကာကွယ်ရေး ဦးစီးချုပ်(လေ)၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့်၎င်းတို့၏ဇနီးများ၊ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုဝင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ်အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်ကဆောင်ရွက်ပြီး အခမ်းအနား အစီအစဉ်များကို ဖတ်ကြားလျှောက်ထားတင်ပြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✡

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၇-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ အမျိုးသားရေး တေးကဗျာ
- ၄း၂၀ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄း၃၀ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄း၄၅ ၆။ မျိုးချစ်တပ်မတော်
- ၄း၅၀ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅း၂၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၅း၃၀ ၉။ ဗွီစီဒီကျော်ကြား တေးများ
- ၅း၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေး တေးကဗျာ
- ၆း၂၅ ၁၄။ သွက်လက်လှုပ်ရှား ကစားစို့လား
- ၆း၄၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဒိုးဒိုးဒေါက်ဒေါက် ဘုန်းဘောက် အပိုင်း(၁၈)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေး တေးကဗျာ
- ၂၀။ မေးမြန်းစူးစမ်း
- ၂၁။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
- ၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း ဖြူစင်ခြင်း၏နောက်ကွယ် အပိုင်း(၃)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ ဆရာတော်၊သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်း

✡ စာမျက်နှာ ၄ မှ

ရှေးဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ် ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိထံမှ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသောပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ဉာဏ်တုန်းဆရာတော် ဘဒ္ဒန္တဩသဓာဘိဝံသထံဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ ပြည်မြို့ဇောတိကာရုံ ပါဠိတက္ကသိုလ် ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလဇောတိထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးနှင့် ဝန်ကြီးများက ဆရာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဉာဏ်တုန်း ဆရာတော် ဘဒ္ဒန္တဩသဓာ ဘိဝံသက အနုမောဒနာတရား မြွက်ကြားချီးမြှင့်တော်မူရာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်များက နာကြားကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ဝါဆိုသင်္ကန်း ဆက်ကပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ် ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ အထူးအစည်းအဝေး ကျင်းပ

ရန်ကုန် ဇူလိုင် ၁၃

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ အထူးအစည်းအဝေးကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ဘွဲ့နှင်းသိမ်ဓမ္မာရုံကြီး၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိ အမှူးပြုသော အုပ်ချုပ်ရေး ဗဟိုအဖွဲ့ဝင် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ သဘာပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ဆရာတော် အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုဏ္ဍလဇောတိက အဖွင့်ဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေး ဗဟိုအဖွဲ့ဝင် ဆရာတော်များက သင်ကြားစီမံ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြလျှောက်ထား ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် သဘာပတိ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကုဏ္ဍလဇောတိက နိဂုံးချုပ်ဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို ဆုတောင်း၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရှင်းလင်း လျှောက်ထား

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အထူးအစည်းအဝေးတွင် သာသနာရေးဆိုင်ရာများကို ရှင်းလင်းလျှောက်ထားစဉ်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရေအားလျှပ်စစ်စီမံကိန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၃

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဇူလိုင်၁၁ရက်တွင် တောင်ငူမြို့ အရှေ့ဘက်၁၂မိုင်အကွာ၌ တည်ဆောက်လျက်ရှိသော "သောက်ရေခပ်(၂)" ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးအား စီမံကိန်းတာဝန်ခံက စီမံကိန်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များ၊ ရေလွှဲဥမင်လိုဏ်(အဝင်ပိုင်း)နှင့် (အထွက်ပိုင်း) တူးဖော်နေမှုတို့ကို ရှင်းလင်းတင်ပြကာ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် စီမံကိန်း လက်ဝဲဘက်ကမ်းတွင် မြေကြီး ကျောက်သားတူးဖော်ပြီးစီးမှု အခြေအနေ၊ ရေလွှဲဥမင်လိုဏ် (အထွက်ပိုင်း) တူးဖော်ရန် ဆောင်ရွက်နေမှုနှင့် Shotcrede လုပ်ငန်း၊ ရေလွှဲဥမင်လိုဏ်(အဝင်ပိုင်း) တူးဖော်နေမှုနှင့်မြေကြီးကျောက်သား တူးဖော်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို တာဝန်ရှိသူတို့အား မှာကြားသည်။

အဆိုပါစီမံကိန်း ပြီးစီးပါက စက်တပ်ဆင်အင်အား မဂ္ဂါဝပ်၁၂၀မှ နှစ်စဉ်ပျမ်းမျှကီလိုဝပ်နာရီသန်းပေါင်း ၆၂၉ ဒသမ၈သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

ထို့မှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်း ဖြူးမြို့ အနောက်တောင်ဘက်(၇)မိုင်ခန့်အကွာ ဖြူးချောင်းပေါ်တွင် အမှတ်(၃) တည်ဆောက်ရေးမှတည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် "ဖြူးချောင်း" ရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိပြီးစီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးအား ညွှန်ကြားရေးမှူး ဦးမော်သာထွေးကရေယာအဆောက်အအုံလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ ရေထိန်းတံခါးပြွန်လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ရေသွယ်ဥမင်လိုဏ် တူးဖော်ပြီးစီးမှုနှင့် ဆက်လက်တူးဖော်ရန် လျာထားမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်ချက်များကိုမှာကြား၍ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ယခုအခါ ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းမှာ စီမံကိန်းတစ်ခုလုံး၏ ၃၈ဒသမ ၄၀ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ထိုသို့ လှည့်လည်ကြည့်ရှုစစ်ဆေးရာတွင် ဝန်ကြီးသည် စီမံကိန်းမှ တာဝန်ရှိသူများအား သတ်မှတ်ပေးထားသောကာလအတွင်း လုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်ကြရေး၊ ပြည်ပမှ မှာယူတင်သွင်းထားသော ပစ္စည်းများ အချိန်မီရောက်ရှိရေး၊ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြပြီး အလေအလွင့် နည်းပါးရေးတို့ကို အကျယ်တဝင့် မှာကြားသည်။

အဆိုပါ ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းပြီးစီးပါက စက်တပ်ဆင်အင်အားမဂ္ဂါဝပ်၄၀မှနှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၁၂၀ ထုတ်လုပ်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထပ်မြင့်အဆောက်အအုံများတွင် မီးလောင်မှုဖြစ်ပွားပါက လှေကားတင်မီးသတ်ယာဉ်အသုံးပြု၍ မီးငြိမ်းသတ်ခြင်းနှင့် အသက်ကယ်တင်ခြင်း သရုပ်ပြသပွဲကို မန္တလေးတိုင်း မီးသတ်ဦးစီးဌာနမှူးရုံးရှေ့၌ကျင်းပရာ မီးသတ်ဦးစီးဌာန အထက်မြန်မာပြည် ကွပ်ကဲရေးမှူး ညွှန်ကြားရေးမှူး ဦးမင်းဆွေ ကြည့်ရှုအားပေးစဉ်။ (မီးသတ်)

လှေကားတင် မီးသတ်ယာဉ် ကိုင်တွယ်အသုံးပြုနည်း သရုပ်ပြသ

နေပြည်တော် ဇူလိုင် ၁၃

အထပ်မြင့်အဆောက်အအုံများတွင် မီးလောင်မှုဖြစ်ပွားပါက လှေကားတင် မီးသတ်ယာဉ်အသုံးပြု၍ မီးငြိမ်းသတ်ခြင်းနှင့် အသက်ကယ်တင်ခြင်း သရုပ်ပြသပွဲကို ဇူလိုင် ၆ ရက်တွင် မန္တလေးမြို့ရှိ တိုင်းမီးသတ်ဦးစီးဌာနမှူးရုံးရှေ့၌ကျင်းပရာ အထက်မြန်မာပြည်ကွပ်ကဲရေးမှူး ညွှန်ကြားရေးမှူး ဦးမင်းဆွေ၊ မြို့နယ်များမှ သန္နိမီးသတ်တပ်ဖွဲ့ဝင်များတက်ရောက်၍ ကြည့်ရှုအားပေးကြသည်။

အဆိုပါ သရုပ်ပြသပွဲကို ပြည်ကြီးတံခွန်မြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး၊ မန္တလေးမီးသတ်စခန်းမှ တပ်ကြပ်ကြီးမြင့်အောင်တို့က အထပ်မြင့် အဆောက်အအုံများတွင် မီးလောင်မှုဖြစ်ပွားပါက ခေတ်မီလှေကားတင် မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်နည်းနှင့် အထပ်မြင့်အဆောက်အအုံများမှ အရေးပေါ်လူနာများအား အသက်ကယ်တင်နည်းများကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Orange Supermarket က သောက်ရေသန့်စက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၃

Orange Supermarket နှင့် ဈေးဝယ်သူများစုပေါင်း၍ ဧရာဝတီတိုင်း ဖျာပုံမြို့နယ် အမှတ် (၁၂) အခြေခံပညာမူလတန်းကျောင်း၌ ပညာသင်ကြားလျက်ရှိကြသော ကျောင်းသား၊ ကျောင်းသူများသောက်သုံးရန်အတွက် ငွေကျပ် ၁၂ သိန်းကျော်တန်ဖိုးရှိ သောက်ရေသန့်စက် လီတာ ၅၀၀ ဆံ့ စတီးတိုင်ကီ၊ မီးစက်စသည့် ပစ္စည်းများကို ဇွန် ၂၄ ရက်တွင် အဆိုပါကျောင်း၌ ကျောင်းအုပ် ဆရာမကြီးနှင့် ကျောင်းအကျိုးတော်ဆောင်များထံ ပေးအပ်လှူဒါန်းခဲ့သည်။ **(အောက်ပုံ)**

Orange Supermarket က သောက်ရေသန့်စက်များကို လေဘေးသင့်ဒေသများအတွင်းရှိ စာသင်ကျောင်းများအတွက် ဆက်လက်လှူဒါန်းသွားမည်ဖြစ်ပြီး စေတနာရှင်များလည်း ပါဝင်လှူဒါန်းနိုင်ရန် စီစဉ်ထားရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကိုယ်ဝန်ဆောင်စဉ်တွင် မိခင်ဗီတာမင်ဒီ အလုံအလောက်မရပါက ရင်သွေးငယ်တွင် ငယ်စဉ်မှစ၍ သွားကျန်းမာရေး ထိခိုက်နိုင်

နယူးယောက် ဇူလိုင် ၈

ကိုယ်ဝန်ဆောင်စဉ်ကာလတွင် မိခင်များအနေဖြင့် ဗီတာမင်(ဒီ)ဓာတ် လုံလောက်စွာရရှိအောင် စားသုံးပေးခြင်းအားဖြင့် မွေးဖွားလာမည့် ရင်သွေးငယ်၏သွားများကို ခိုင်မာစေရန် အထောက်အကူပေးနိုင်သည်ကို လေ့လာတွေ့ရှိရကြောင်း ကနေဒါနိုင်ငံ တိုရန်တိုမြို့၌ ဇူလိုင် ၄ ရက်က ပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ သွားသုတေသန အစည်းအဝေးတွင် တင်ပြ သွားသည်။

တင်ပြသူမှာ မင်နီဘိုတာတက္ကသိုလ်မှ သုတေသီ ဒေါက်တာရောဘတ်ရှရောသ်ဖြစ်သည်။ မိခင်သည် ကိုယ်ဝန်ဆောင်စဉ်ကာလတွင် ဗီတာမင်(ဒီ)ဓာတ်လုံလောက်စွာမစားသုံးပါက ရင်သွေးငယ်၏သွားများတွင် ငယ်စဉ်ကာလကပင် သွားပိုးစားကာ သွားခေါင်းပေါက်များဖြစ်ပေါ်လာသည်ကို တွေ့ရသည်ဟုဆိုသည်။

မိခင်လောင်းအရေအတွက် ၂၀၆ ဦးတို့ကို ကိုယ်ဝန်စစ်ဆေးခံရန်လာရောက်ချိန်တွင် သွေးစစ်ဆေးခြင်းဖြင့် ကိုယ်ဝန်ဆောင်စဉ် ဗီတာမင်(ဒီ)ဓာတ် လုံလောက်စွာ စားသုံးခြင်းရှိမရှိ တိုင်းတာစစ်ဆေးမှတ်တမ်းတင်ထားသည်။ ထို့နောက် မွေးဖွားလာသော ကလေးများ၏ သွားကျန်းမာရေး အခြေအနေကိုလည်း ရင်သွေးငယ်အသက် တစ်နှစ်ပြည့်သည့်အချိန်အထိ ဆက်လက်လေ့လာခဲ့သည်။

ထိုလေ့လာမှုအရ မိခင်လောင်း၂၁ဦးတွင်သာ သွေးထဲ၌ ဗီတာမင်(ဒီ)ဓာတ်လုံလောက်စွာရှိနေကြောင်းတွေ့ရှိရသည်။ တစ်နည်းအားဖြင့်ဆိုလျှင် လေ့လာမှုတွင် ပါဝင်သောမိခင်ဦးရေ၏ ၁၀ဒသမ၅ရာခိုင်နှုန်းတွင်သာ လိုအပ်သော ဗီတာမင်(ဒီ)ဓာတ် ပြည့်စုံစွာရရှိသည်ဟူသောသဘောရှိသည်ပြသနေခြင်းပင်ဖြစ်သည်။

လေ့လာမှုတွင်ပါဝင်သော ကလေးငယ်ဦးရေသည် ၁၃၅ဦးရှိသည်။ ထိုကလေးငယ်များအနက် ၂၂ရာခိုင်နှုန်းသော ကလေးငယ်များ၏ သွားများတွင် ကြွေသွားလွှာများပျက်စီးနေသည်ကိုတွေ့ရပြီး ၃၄ရာခိုင်နှုန်းသော ကလေးငယ်များ၌ သွားခေါင်းပေါက်များဖြစ်ကာ သွားများပျက်စီးနေသည်ကို လေ့လာတွေ့ရှိရသည်ဟု ဆိုသည်။

ဖော်ပြပါလေ့လာချက်တွင်ပါဝင်သောမိခင်များ၏ အများစုဖြစ်သော ၉၀ရာခိုင်နှုန်းမှာ မြို့ပြဒေသ၌ နေထိုင်သည့် အဘော်ရီဂျင်တိုင်းရင်းသား အမျိုးသမီးများဖြစ်နေသည်။ ထိုလေ့လာချက်တွင် လူမျိုးစုံ ပါဝင်ခြင်းမရှိသည်ကိုတွေ့ရသည်။ သို့ဖြစ်၍ အထက်ပါလေ့လာချက်မှ ယေဘုယျကောက်ချက်ချ၍ ရနိုင်မည်မဟုတ်ကြောင်း သုတေသီရှရောသ်က မှတ်ချက်ချသည်။

(ဘာသာပြန်စာတည်းအဖွဲ့ ပြုစုတင်ပြသည်)

ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်ရေ အခြေအနေ

နေပြည်တော် ဇူလိုင် ၁၃

၂၀၀၈ ခုနှစ် ဇူလိုင်လ၁၃ရက် မွန်းလွဲ ၁၂နာရီခွဲအချိန် ထုတ်ပြန်ချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ကျဆင်းလျက်ရှိနေပြီး နောက် ၂၄နာရီအတွင်း ဟုမ္မလင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ၂၉၀၀အောက်သို့ လည်းကောင်း၊ နောက်သုံးရက်အတွင်း မော်လိုက်မြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ၁၂၃၀၊ ကလေးဝမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၅၅၀နှင့် မုံရွာမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ၁၀၀၀အောက်သို့လည်းကောင်း ကျဆင်းသွားမည်ဟု ခန့်မှန်းထားသည်။

ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့၏ စိုးရိမ်ရေမှတ်အထက် ခုနစ်စင်တီမီတာ၌ရှိနေပြီး ပျမ်းမျှအားဖြင့် တစ်နာရီလျှင် တစ်စင်တီမီတာနှုန်းဖြင့် မြင့်တက်နေသည်။ အဆိုပါ မြစ်ရေသည် နောက်ထပ် ၁၀စင်တီမီတာ ခန့်သာ မြင့်တက်လာနိုင်ပြီး နောက်နှစ်ရက်အတွင်း ညောင်ဦးမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ၂၁၂၀အောက်သို့ ကျဆင်းသွားမည်ဟု ခန့်မှန်းထားသည်။

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ပျမ်းမျှအားဖြင့် တစ်နာရီလျှင် ၁ ဒသမ ၅စင်တီမီတာနှုန်းဖြင့် မြင့်တက်နေပြီး နောက်နှစ်ရက်အတွင်း ဟင်္သာတမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂၈စင်တီမီတာသို့ ကျော်လွန်ရောက်ရှိမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ပေးအပ်ချီးမြှင့်

Myanmar Distribution Group Co.,Ltd **မန်နေဂျင်းဒါရိုက်တာ ဦးအောင်မော်သိန်းက ကံစမ်းမဲ ပထမဆုရရှိသော မရမ်းကုန်းမြို့နယ်မှ အောင်ပါစေမုန့်ဆိုင်အား ဆိုနီတီဗွီပေးအပ်ချီးမြှင့်စဉ်။**

(သတင်းစဉ်)

အရောင်းကုန်သည်ကြီးများအား ဂုဏ်ပြုညှော်ခံ

ရန်ကုန် ဇူလိုင် ၁၃

Myanmar Distribution Group Co., Ltd. (MDG) မှ အောက်မြန်မာပြည် အရောင်းကုန်သည်ကြီးများအား ဂုဏ်ပြုညှော်ခံသည့် Trade Dinner ကို ဇူလိုင် ၁၂ရက် ညပိုင်းက ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ်ကမ္ဘာရှိ Western Park Royal စားသောက်ဆိုင်၌ ကျင်းပသည်။

အခမ်းအနားတွင် Myanmar Distribution Group Co., Ltd National Sales Manager ဦးသန်းအောင်နှင့် မန်နေဂျင်းဒါရိုက်တာ ဦးအောင်မော်သိန်းတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး တက်ရောက်လာသော အရောင်းကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအား ညစာဖြင့် တည်ခင်းဧည့်ခံကာ စတီရီယိုတေးသံရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် အထူးအစီအစဉ်အဖြစ် ဆိုနီတီဗွီ သုံးလုံး၊ ဒစ်ဂျစ်တယ် ဗီဒီယိုကင်မရာ လေးလုံး၊ ကင်မရာ ၂၉လုံး၊ ဒီဗွီဒီ ၂၄လုံးတို့ကို MDG Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်မော်သိန်းနှင့် မန်နေဂျာများ၊ တာဝန်ရှိသူများက အရောင်းကိုယ်စားလှယ်များအား ကံစမ်းမဲနှိုက်ရွေးချယ်ပေးကြသည်။ ဆက်လက်၍ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မော်သိန်းက ကံစမ်းမဲ ပထမဆုရရှိသော မရမ်းကုန်းမြို့နယ်မှ အောင်ပါစေမုန့်ဆိုင်၊ ဒုတိယဆုရရှိသော ဦးစိုးနိုင် (မြောင်းမြ)နှင့် တတိယဆုရရှိသော ဒေါ်ရင်နု (မြောက်ဒဂုံ)တို့အား ဆိုနီတီဗွီများ ပေးအပ်ချီးမြှင့်သည်။

Myanmar Distribution Co., Ltd. သည် Gold Roast ကော်ဖီမစ်၊ Gold Roast Gold ကော်ဖီမစ်၊ Ben Cafe ကော်ဖီမစ်၊ Calsome ကွေကာ၊ Royal Myanmar Teamix၊ Fresh up လီမွန်တီး၊ Calsome Plus ကွေကာ၊ Calsome ချောကလက်ကွေကာနှင့် Calsome စတော်ဘယ်ရီကွေကာ အစရှိသည့် နိုင်ငံတကာအရည်အသွေးမီ ကုန်ပစ္စည်းများအား မြန်မာနိုင်ငံတစ်ဝန်းရှိ စားသုံးသူများထံသို့ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိရောင်းချပေးနေရုံသာမက နိုင်ငံရပ်ခြားရှိ မြန်မာပြည်သူပြည်သားများနှင့် နိုင်ငံခြားသားများကပါ နှစ်ခြိုက်စွာလက်ခံအားပေးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်တက်ရောက်ပြီး သစ်ပင်ပျိုးပင်များ ပေးအပ်

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်အနောက်ပိုင်းခရိုင်၏ ၂၀၀၈ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၁ ရက်နံနက် ၇နာရီတွင် ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း၌ ကျင်းပသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်ရန်ကုန်အနောက်ပိုင်းခရိုင်၏ ၂၀၀၈ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင်ဆရာ၊ဆရာမများထံ သစ်ပင်၊ပျိုးပင်များကို ပေးအပ်စဉ်။ (သတင်းစဉ်)

အစီအစဉ်အရ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းက မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပျိုးပင်များ ပေးအပ်

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်နှင့် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်တို့က ပါမောက္ခ၊ ဌာနမှူးများနှင့် ဆရာ၊ ဆရာမများထံ သစ်ပင်၊ ပျိုးပင်များကို ပေးအပ်ကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်က ကံ့ကော်ပင်ကို စိုက်ပျိုးပေး၍ တာဝန်ရှိသူများက ပျိုးပင်များကို စိုက်ပျိုးပေးကြပြီး တိုင်းမှူးနှင့် အဖွဲ့သည် ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကံ့ကော်၊ မဟော်ဂနီ၊ ခရေ၊ မန်ကျည်း၊ စိန်ပန်း၊ ပျဉ်းမ၊ စွယ်တော်နှင့် ကျွန်းပျိုးပင် ၁၀၀၀ကျော် စိုက်ပျိုးနေကြသည်ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ရန်ကုန် အနောက်ပိုင်းခရိုင် သစ်တောဦးစီးဌာနအနေဖြင့် ယခုနှစ် မိုးရာသီတွင် ခရိုင်အတွင်းရှိ မြို့နယ်အသီးသီး၌ သစ်ပင်၊ ပျိုးပင်ပေါင်း ၁၈၈၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်လမြိုင်မြို့ မြေနီကုန်းရပ်ကွက်ရှိ အမှတ် (၈) တိုင်း မြန်မာ့မီးရထား (မွန်ပြည်နယ်) မော်လမြိုင်ဘူတာဝင်းအတွင်း ဇွန် ၁၄ရက်က ခြိစည်းရိုး ကြက်ဆူပင် စိုက်ပျိုးပွဲကို ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက အမှတ် (၈)တိုင်း၊ တိုင်းမန်နေဂျာ(သွားလာရေး) ဦးကျော်စိုးလင်းထံ ခြိစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးရန် ဖြန့်ဝေပေးအပ်စဉ်။ (၁၀၇)

ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၃

ပညာရေးဝန်ကြီးဌာန၏ ၂၀၀၈ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၂ရက်နံနက်ပိုင်းတွင်နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ဌာနတာဝန်ရှိသူများက သတ်မှတ်နေရာများ၌ သစ်ပင်များ စိုက်ပျိုးကြသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ပညာရေးဝန်ကြီးဌာနရုံး နယ်မြေအတွင်း ပညာရေးဝန်ထမ်းများ၏ သစ်ပင်စိုက်ပျိုးနေမှုကိုလိုက်လံကြည့်ရှုအားပေးကြသည်။

ယခုနှစ် ပညာရေးဝန်ကြီးဌာန သစ်ပင် စိုက်ပျိုးပွဲတွင် ပိတောက်၊ ခရေ၊ ကံ့ကော်၊ အင်ကြင်း၊ မဟော်ဂနီပင်များ အပင် ၂၀၀၊ အရိပ်ရပင်များဖြစ်သည့် ကုက္ကို၊ ဗာဒံ၊ တမာ၊ ပုန်းညက်၊ မန်ကျည်းပင်များ အပင် ၅၀၀၊ နှစ်ရှည်စားသုံးပင်များဖြစ်သည့် အုန်း၊ မာလကာ၊ သရက်၊ ပိန္နဲ၊ ဒူးရင်း၊ ဒန့်သလွန်ပင်များ အပင် ၅၀၀၊ အလှပင်များဖြစ်သည့် ရွှက်လှ၊ စက္ကူပန်း၊ ခရာဝါ၊ နွယ်သာကီ၊ စိန်ပန်းပင်များ အပင် ၅၀၀၀ကျော် စသည်ဖြင့် သစ်ပင်မျိုးစုံ အပင် ၆၃၀၀ကျော် စိုက်ပျိုးကြကြောင်း သိရှိရသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဆည်အမှတ်(၄၃)၌ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနတာဝန်ရှိသူများ၊ ရုံးသူရုံးသားများက ငွေရောင်ငါးကြင်းသားပေါက် ၁၀၀၀၊ ငါးမြစ်ချင်းသားပေါက် ၄၀၀၀နှင့် ငါးခုံးမကြီးသားပေါက် ၄၀၀၀တို့ကို လျှိုပိတ်ဆည်အတွင်းသို့ စိုက်ထည့်လွှတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေအား ဂျပန်နိုင်ငံ DPJ ပါတီမှ အထက်လွှတ်တော်အမတ်နှင့် မြန်မာ-ဂျပန်ချစ်ကြည်ရေး ပါလီမန်အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၁၃

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး၊ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများလက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေအား ဂျပန်နိုင်ငံ DPJပါတီမှအထက်လွှတ်တော်အမတ်နှင့် မြန်မာ-ဂျပန် ချစ်ကြည်ရေး ပါလီမန်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Hideo Watanabe နှင့်အဖွဲ့သည် ဇူလိုင် ၁၂ရက် နံနက်၉နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီးရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်)မေခလာခန်းမသို့လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက မုန်တိုင်းဒဏ်အပြီး နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများနှင့် လူမှုဝန်ထမ်း လုပ်ငန်းရပ်များကို ရှင်းလင်းပြောကြားသည်။

ယင်းသို့တွေ့ဆုံရာသို့လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်၊ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်၊ ဒုတိယရုံးအဖွဲ့မှူး ဦးစိန်အေးနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

(သတင်းစဉ်)

မြိုင်ဆရာတော် ဝါတွင်းသုံးလတရားပွဲ

ရန်ကုန် ဇူလိုင် ၁၃

ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ(ဓမ္မကထိကဗဟုဇနဟိတဓရ)၏ တပည့်၊ မြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ နယ်လှည့်ဓမ္မကထိက) အရှင်သူမြတ်သည် (၁၃၇၀- ပြည့်နှစ်ဝါဆိုလပြည့်ကျော် ၁ရက်မှစ၍ သီတင်းကျွတ်လပြည့်နေ့)ထိ ဝါတွင်းသုံးလ ဇူလိုင် ၁၉ရက်မှ အောက်တိုဘာ ၁၄ရက်ထိ စစ်ကိုင်းတိုင်း ဖောင်းပြင်မြို့၊ သရောင်းစံပြကျေးရွာ မဟာစည်သာသနာ့ရိပ်သာ သာသနဝေပုလ္လဗိမာန်တော်မြတ်၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ရာ တရားပွဲ ပင့်လျှောက်လိုသူများ ရန်ကုန်တိုင်း လှိုင်မြို့နယ်၊ ၅ရပ်ကွက်၊ ဓမ္မရက္ခိတ ဖြူးမဟာစည်ရိပ်သာ၊ရန်ကုန် ဖုန်း- ၀၁ ၅၃၀၀၆၈၊ ၅၀၁၈၄၆- လိုင်းခွဲ ၁၈၁၊ မြိုင်ဆရာတော် ဖုန်း - ၀၉ ၅၀၄၇၇၆၁ တို့သို့ ဆက်သွယ် ပင့်လျှောက်နိုင်ကြောင်း သိရသည်။ (က-ပ)

ဇူလိုင် ၇ ရက်က ၂၀၀၈ ခုနှစ် (၁၄)ကြိမ်မြောက်ပြည်နယ်နှင့်တိုင်း အသက်(၁၈)နှစ်နှင့်အောက်အမျိုးသား၊အမျိုးသမီးဘော်လီဘောပြိုင်ပွဲ အမျိုးသားပွဲစဉ်တွင် အနိုင်ရဗိုလ်စွဲသွားသည့်ရန်ကုန်တိုင်းအမျိုးသား ဘော်လီဘော အသင်းအား ရန်ကုန်တိုင်းအားကစားနှင့်ကာယပညာဆပ်ကော်မတီဥက္ကဋ္ဌဦးအေးထွန်း ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်း ပေး အပ်ချီးမြှင့်စဉ်။ (ကြေးမုံ)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းနေ အငြိမ်းစားသံအမတ်ကြီး ဦးညွန့်တင်- ဒေါ်မေအောင်မြင့်၏ မွေးနေ့အထိမ်းအမှတ် ဘိုးဘွားများအား တစ်နေ့တာ အထူးအာဟာရ ကျွေးမွေးရန်အတွက် ငွေကျပ် ၁၅၀၀၀၀ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန် (ငြိမ်း) ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင် တည်ဆောက်ရေးအတွက် ကူညီထောက်ပံ့ လှူဒါန်းကြရာတွင်

၂၀၀၈ ခုနှစ်၊ မေလဆန်းက တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း နာဂစ်ဒဏ်ကြောင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း မြို့နယ်အချို့၌ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။ လေဘေးသင့် ပြည်သူများအား ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မုန်တိုင်းတိုက်ခတ်ခဲ့သည့် မေလ ၃ ရက်နေ့ကပင် နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် မုန်တိုင်းဒဏ်ခံရသည့် ဒေသများ၌ အနီးကပ်သွားရောက်ကြီးကြပ်ပြီး တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်အတူ နေ့မအား၊ ညမနား အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် နိုင်ငံတော်အကြီးအကဲနှင့် ဒုတိယအကြီးအကဲတို့ ကိုယ်တိုင် အောက်ခြေသို့ကွင်းဆင်း၍ လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးရင်း လုပ်ငန်းလိုအပ်ချက်များကို အနီးကပ်လမ်းညွှန်မှုပေးခဲ့သည်။ ထို့ကြောင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ မြန်မြန်ဆန်ဆန် တိုးတက်အောင်မြင် ခရီးရောက်ခဲ့သည်။ ဖြစ်ပေါ်ခဲ့သော သဘာဝဘေးဒဏ်ခံရသည့် လေဘေးသင့် ပြည်သူများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများကိုလည်း နိုင်ငံတော်က အမျိုးသားအဆင့် သတ်မှတ်၍ စနစ်တကျ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

မုန်တိုင်းသင့်ဒေသများနှင့် ပြည်သူများအတွက် နိုင်ငံတော်အပိုင်းမှ ငွေကျပ် ဘီလီယံပေါင်းများစွာ ကျခံသုံးစွဲ ပံ့ပိုးပေးလျက်ရှိသည့်အပြင် ဌာနဆိုင်ရာများ၊ ကုမ္ပဏီအဖွဲ့အစည်းများ၊ ရဟန်းရှင်လူ ပြည်သူများအားလုံးကလည်း စေတနာ သဒ္ဓါတရား ထက်သန်စွာ အားတက်သရော ပံ့ပိုးကူညီလှူဒါန်းလျက်ရှိသည်။

အလားတူ ကမ္ဘာ့နိုင်ငံများ၊ ဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ INGO နှင့် NGO အဖွဲ့အစည်းများကလည်း ကယ်ဆယ်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအတွက် လိုအပ်သည်များကို လူသားချင်း စာနာထောက်ထားမှုဖြင့် အဆက်မပြတ်ပေးပို့ လှူဒါန်းလျက်ရှိသည်။

ထို့အပြင် ကုလသမဂ္ဂနှင့် အာဆီယံတို့ ပူးတွဲကမကထပြုသော နိုင်ငံတကာမှ ငွေကြေး အကူအညီများနှင့် အခြားအကူအညီများ ကတိကဝတ်ပြုသည့်ညီလာခံကို မေလ ၂၅ ရက်နေ့က ရန်ကုန်မြို့တွင် ကျင်းပခဲ့ပြီးဖြစ်ရာ အလှူရှင်နိုင်ငံများအနေဖြင့် ကတိကဝတ်များနှင့်အညီ မုန်တိုင်းသင့်ပြည်သူများအတွက် အကူအညီ အထောက်အပံ့များကို ဆက်လက်ပေးပို့ လှူဒါန်းလျက်ရှိကြသည်။

ယင်းသို့ လှူဒါန်းလျက်ရှိရာတွင် မေလ ၆ ရက်နေ့မှ ဇွန်လ ၂၈ ရက်နေ့အထိ ပြည်တွင်း/ပြည်ပမှ ထောက်ပံ့လှူဒါန်းရရှိမှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

အဆိုပါ ပြည်တွင်း/ပြည်ပမှ လှူဒါန်းမှုတို့ကို ခြုံငုံသုံးသပ်ကြည့်ပါက ကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ကုန်/ဆေးဝါးပစ္စည်းများသာ အများဆုံးလက်ခံရရှိခဲ့ပြီး ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် သွပ်၊ သံ၊ ဘိလပ်မြေ၊ သစ်၊ သံချောင်းလုံး စသည့် ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ ထွန်စက်၊ မျိုးစပါး၊ ဓာတ်မြေဩဇာ၊ ရေစုပ်စက်၊ မီးစက်၊ စက်သုံးဆီ၊ ငါးဖမ်းလှေ/စက်၊ ငါးဖမ်းပိုက် စသည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပစ္စည်းများ ကူညီထောက်ပံ့လှူဒါန်းမှုမှာ လွန်စွာနည်းပါးနေသေးကြောင်း တွေ့ရှိရသည်။

ယခုအခါ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ တက်ညီလက်ညီ ပူးပေါင်းကြိုးပမ်း ဆောင်ရွက်မှုများကြောင့်လည်းကောင်း၊ ပြည်တွင်း/ပြည်ပ စေတနာရှင်၊ အလှူရှင်များ၏ အားတက်သရော လှူဒါန်းပံ့ပိုးကူညီမှုများကြောင့်လည်းကောင်း၊ မုန်တိုင်းသင့်ဒေသ၊ မုန်တိုင်းသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို နိုင်နင်းစွာဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်သည့်အတွက် ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းစဉ်များသို့ ကူးပြောင်းအကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။

မုန်တိုင်းသင့်ပြည်သူများ မိမိတို့ နေရင်းဒေသများ၌ ပြန်လည်အခြေစိုက် နေထိုင်နိုင်ရေးအတွက် ပျက်စီးသွားသည့် ကျေးရွာများ ပြန်လည်တည်ဆောက်ရေး၊ ယာယီ လူနေအဆောက်အအုံများဖြင့် ဒေသခံများ ပြန်လည်နေထိုင်နိုင်ရေး၊ လမ်းတံတား ဆက်သွယ်ရေးလမ်းကြောင်းများ ပြန်လည်ကောင်းမွန်ရေး၊ ကျေးရွာအုပ်စုအလိုက် ယာယီကျန်းမာရေးစခန်းများ ဖွင့်လှစ်နိုင်ရေး၊ စာသင်ကျောင်းများ ကျောင်းဖွင့်ချိန်အမီ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သည့် လယ်ယာစိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် ဆားလုပ်ငန်းများ ပြန်လည်ထူထောင်ပေးရေး စသည့် လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးခဲ့ပါသည်။ နိုင်ငံတော်ပိုင်းက ဦးဆောင်စီမံ ကြီးကြပ်ပံ့ပိုးမှုများအပြင် စေတနာရှင်ပြည်သူများ၏ ပံ့ပိုးလှူဒါန်းမှုအား၊ ပြည်တွင်းကုမ္ပဏီလုပ်ငန်းကြီးများ၏ ပူးပေါင်းဆောင်ရွက်မှုအား၊ နိုင်ငံတကာအလှူရှင်များ၏ လှူဒါန်းမှုအားများကို စုစည်းပေါင်းစပ်လျက် အချိန်တိုအတွင်း ရုပ်လုံးပေါ် ထိရောက်အောင်မြင်လာအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

လေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ မူလနေထိုင် လုပ်ကိုင်ခဲ့သည့် အခြေအနေထက် သာလွန်ကောင်းမွန်တိုးတက်စေရမည် ဟူသည့် ရည်မှန်းချက်ထား၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည့် မိသားစုများအတွက် ၁၆ ပေ × ပေ ၂၀ အကျယ်၊ အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ/ထရံကာ အခိုင်အမာ လူနေအိမ်များကို အသစ်တည်ဆောက်၍ စနစ်တကျ ပြန်လည်နေရာချထားပေးလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏ ထောက်ပံ့စီမံမှုဖြင့် အလှူရှင် ကုမ္ပဏီများက လေဘေးသင့် ဒေသအသီးသီး၌ အခိုင်အမာ နေအိမ်အလုံး ထောင်နှင့်ချီ၍ ဆောက်လုပ်လှူဒါန်းခဲ့ပြီး ဖြစ်သည့်အပြင် ဆက်လက်၍လည်း အချိန်တိုအတွင်း အမြန်ဆုံးပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြပါသည်။ ထို့အပြင် လေဒဏ်၊ ရေဒဏ်ကင်းဝေးသော နေရာများ၌ မြို့သစ်များတည်ပြီး အိမ်ခြေတစ်ထောင်ခန့်စီ ပါဝင်သော အခိုင်အမာနေအိမ်များ ထပ်မံတည်ဆောက်ပေးရန်ရှိကြောင်း သိရှိရပါသည်။

သတင်းဆောင်းပါး-ကျော်စွာငယ်

လေဘေးသင့်ဒေသများ၌ ရင်သွေးငယ်များ အရှိန်အဟုန်မပျက် ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများ အားလုံးကို ယခုနှစ် ဇွန်လမကုန်မီအပြီး ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည့်အပြင် ယခင်က အချို့ကျေးရွာများ၌ ဖွင့်လှစ်ထားသည့် ကိုယ့်အားကိုယ်ကိုး တွဲဖက်ကျောင်းများကိုလည်း နိုင်ငံတော်က တာဝန်ယူသည့် အခြေခံပညာကျောင်းများအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။ ကျောင်းများ ဖွင့်လှစ်ပေးနိုင်ခြင်းနှင့်အတူ ကျောင်းသုံးစာအုပ်များကိုလည်း ကျောင်းသားတိုင်း လက်ဝယ်အရောက် အလုံအလောက် ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။

အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ပတ်သက်၍လည်း မူလနေရပ်ပြန်သူများအနေဖြင့် လယ်ယာမြေများ ထွန်ယက်စိုက်ပျိုးနိုင်ရန် ဒေသအလိုက် ထွန်စက်စခန်းများ ဖွင့်လှစ်ပေးလျက်ရှိသည့်အပြင် လက်တွန်းထွန်စက်များနှင့် စက်သုံးဆီများကိုလည်း အချိန်မီ အလုံအလောက် ပံ့ပိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် မျိုးစပါး၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးစသည်တို့ကိုလည်း လက်ငင်းငွေချေရန် မလိုဘဲ စာရင်းမှတ်စနစ်ဖြင့် ပံ့ပိုးပေးလျက်ရှိပါသည်။ စိုက်ပျိုးလုပ်ကိုင်မည့် လယ်ဧကအလိုက် စိုက်ပျိုးစရိတ်ချေးငွေများကိုလည်း စာရင်းမှတ်စနစ်ဖြင့် သက်ဆိုင်ရာက ထုတ်ချေးပေးလျက်ရှိပါသည်။

အလားတူ ရေလုပ်ငန်းသမားမ[...]
သည့် ငါးဖမ်းလှေများ ပြန်လည်ဆ[...]
အတွက် သက်ဆိုင်ရာက ကူညီဆေ[...]
ငါးဖမ်းလှေငယ်များ၊ စက်တပ်ငါးဖမ်းလေ[...]
ပိုက်များ၊ ဆက်စပ်ပစ္စည်းများ၊ စက်သုံ[...]
ဖြည့်ဆည်းပေးလျက်ရှိပါသည်။ ဆ[...]
ဆားကွင်းများ ပြန်လည်လုပ်ကိုင်နိုင်ရန်[...]
ပြန်လည်တည်ဆောက်ပေးလျက်ရှိသ[...]
လိုအပ်သည့် အဆောက်အအုံနှင့်ပစ္စ[...]
ရန် ငွေကြေး ထောက်ပံ့မှုအစီအမံ[...]
ဖြစ်ကြောင်း သိရှိရပါသည်။

ဤကဲ့သို့ နိုင်ငံတော်နှင့် ပြည်[...]
ပံ့ပိုးလှူဒါန်း ကူညီဆောင်ရွက်ပေးမှုမျာ[...]
များအနေဖြင့် စိုက်မည့်သူကလည်း အ[...]
နိုင်ကြပြီဖြစ်သကဲ့သို့ ငါးဖမ်းမည့်သူ[...]
စက်တပ်ငါးဖမ်းလှေကြီးများဖြင့် ငါး[...]
ပြန်လည်ဆောင်ရွက်နိုင်ခဲ့ကြပြီဖြစ်ရာ[...]
ယခင်ကထက်ပင် ပိုမိုအသက်ဝင်လှု[...]
တက်ကြွဖွယ် မြင်ကွင်းများဖြင့် ဒေ[...]
ချီတက်နေကြပြီဖြစ်ပါသည်။ နိုင်ငံ[...]
လုပ်ငန်း၊ ရေလုပ်ငန်း၊ ဆားလုပ်ငန်းမ[...]
ချေးသည်များအတွက်ပါ စာရင်းမှတ်[...]
ပေးလျက်ရှိရာ ချေးဆိုင်ဖွင့် ရောင်းချ[...]
ကျပ် ၁၅ သိန်းအထိလည်းကောင်း၊ ဆ[...]
၁၅ သိန်းထိလည်းကောင်း မ,တည်[...]
ထုတ်ပေးပြီး လုပ်ငန်းများ အချိန်ဝ[...]
ဖွံ့ဖြိုးလာအောင် တွန်းအားပေး ပံ့ပိုး[...]

ပြည်တွင်းမှ ထောက်ပံ့လှူဒါန်းမှုအခြေအနေ

အလှူရှင်	ကယ်ဆယ်ရေး		ပြန်လည်ထူထောင်တည်ဆောက်ရေး	
	ကယ်ဆယ်ရေးပစ္စည်း (တန်)	စားသောက်ကုန်/ဆေးဝါး ပစ္စည်း(တန်)	ဆောက်လုပ်ရေး ပစ္စည်း(တန်)	အသက်မွေးဝမ်းကျောင်း ပစ္စည်းများ(အရေအတွက်)
နိုင်ငံတော်၊ အဖွဲ့အစည်းများ နှင့် စေတနာရှင် ပြည်သူများ	၂၉၁၁. ၂၉	၁၄၄၁. ၄၁	၃၀၈. ၁၄	လှေအစင်း-၉၀၆၇ ထွန်စက်အမျိုးမျိုး စုစုပေါင်း-၆၇၀၈ စီး မျိုးစပါး ၁၂၈၁၈၇၄ တင်း ကွဲ၊ နွား-၁၆၅၅ ကောင် ငါးဖမ်းပိုက်-၃၂၃၇ ခု

ပြည်ပမှထောက်ပံ့လှူဒါန်းမှုအခြေအနေ

အလှူရှင် နိုင်ငံနှင့် အဖွဲ့အစည်း	ကယ်ဆယ်ရေး		ပြန်လည်ထူထောင်တည်ဆောက်ရေး	
	ကယ်ဆယ်ရေးပစ္စည်း (တန်)	စားသောက်ကုန်/ဆေးဝါး ပစ္စည်း(တန်)	ဆောက်လုပ်ရေး ပစ္စည်း(တန်)	အသက်မွေးဝမ်းကျောင်း ပစ္စည်းများ(တန်)
နိုင်ငံ (၃၁)နိုင်ငံ အဖွဲ့အစည်း(၁၉)ခု နှင့် စေတနာရှင်များ	၅၈၁၄. ၀၄၆	၂၃၈၈. ၁၅၄	၁၇၃. ၂၉	၃၂. ၇၇

(ပြည်ပလှူဒါန်းမှုပစ္စည်း ခန့်မှန်းတန်ချိန် စုစုပေါင်း- ၈၄၀၈. ၂၆ တန်)

နိုင်ငံတကာမှထောက်ပံ့ရေးပစ္စည်းများရရှိမှုအခြေအနေ ၆-၅-၂၀၀၈ မှ ၂၈ - ၆ -၂၀၀၈ အထိ

စဉ်	နိုင်ငံ၊ အဖွဲ့အစည်း	ကယ်ဆယ်ရေး		ပြန်လည်ထူထောင်-တည်ဆေ[...]	
		ကယ်ဆယ်ရေး ပစ္စည်း(တန်ချိန်)	စားသောက်ကုန်/ ဆေးဝါး(တန်ချိန်)	ဆောက်လုပ်ရေး ပစ္စည်း(တန်ချိန်)	အသက်မွေး[...] ပစ္စည်း([...]
၁	ထိုင်း	၂၇၂. ၆၅၅	၂၉၂. ၉၆၇	-	
၂	အိန္ဒိယ	၁၀၇. ၁၄၈	၁၁၈. ၄၂၅	-	
၃	တရုတ်	၁၂၅. ၇၄	၁၁၄. ၅၆၈	-	
၄	အင်ဒိုနီးရှား	၁၈. ၅	၂၈. ၉၂၃	၁၈. ၂၉	
၅	စင်ကာပူ	၁၁. ၃၀၈	၄၆. ၁၈၆	-	
၆	လာအို	၂. ၅	၁၄. ၆၅၄	-	
၇	ကမ္ဘောဒီးယား	၁၆. ၄	-	-	
၈	မလေးရှား	၁၅. ၃	၁၁. ၈၉	၁၅	
၉	ဖိလစ်ပိုင်	-	၉. ၃၄	-	
၁၀	ဘင်္ဂလားဒေ့ရှ်	-	၂၂. ၅	-	
၁၁	တောင်ကိုရီးယား	၁၅. ၉၅	၄၇. ၇၆၇	-	
၁၂	ရုရှား	၃၃	၆၉. ၉	၅. ၇၅	
၁၃	ပါကစ္စတန်	၂၂. ၄	၁၁၅	-	
၁၄	ဂျပန်	၃၁. ၈၇	၃. ၅၇	-	
၁၅	ယူကရိန်း	၅၉. ၆၁၇	-	၅. ၅	
၁၆	သီရိလင်္ကာ	-	၁၄. ၉	-	
၁၇	ကာဇက်စတန်	-	၄၀	-	
၁၈	ယူအေအီး	၄၁. ၇၇၄	၃၆. ၃၂၅	၆၁. ၅	
၁၉	ဂရိ	၁၃. ၁၈	၁၁. ၆	-	
၂၀	**အမေရိကန်**	**၁၀၃၆. ၉၂၈**	**၄၁၇. ၀၂၈**	**၁၆. ၇**	**၃၂. ၇၇(ကု[...]**
၂၁	အီတလီ	၂၇	၂. ၆	-	
၂၂	သြစတြီးယား	၃၂	-	-	
၂၃	ဆွီဒင်	၂၆. ၃၄၉	-	-	
၂၄	**ဗြိတိန်**	**၃၃၅. ၆၉၉**	**၂၇. ၇၃၂**	-	
၂၅	စကော့တလန်	၅၅	-	-	
၂၆	ဂျာမနီ	၈၆. ၀၄၉	-	-	
၂၇	ဆော်ဒီအာရေဗျ	၇၄. ၇၄	၂၉၁. ၅၅၇	-	
၂၈	ကနေဒါ	၁၅. ၇	-	-	
၂၉	တရုတ်(တိုင်ပေ)	-	၃	-	
၃၀	ကင်ညာ	၃၉. ၉	-	-	
၃၁	ဒူဘိုင်း	၅၂. ၄	-	-	
၃၂	ဆွစ်ဇာလန်	၆. ၇၆၉	-	-	
၃၃	**WFP**	**၁၃၃၁. ၃၁၉**	**၃၁၄. ၂၉၇**	-	
၃၄	ICRC	၅၁. ၃၁၆	-	-	

အလားတူ ရေလုပ်ငန်းသမားများအတွက် နစ်မြုပ်ပျက်စီးသွားသည့် ငါးဖမ်းလှေများ ပြန်လည်ဆယ်ယူရေး၊ ပြန်လည် ပြုပြင်ရေးအတွက် သက်ဆိုင်ရာက ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ငါးဖမ်းလှေငယ်များ၊ စက်တပ်ငါးဖမ်းလှေများ၊ အင်ဂျင်စက်များ၊ ငါးဖမ်းပိုက်များ၊ ဆက်စပ်ပစ္စည်းများ၊ စက်သုံးဆီများကိုလည်း ပံ့ပိုးထူထောင်ဖြည့်ဆည်းပေးလျက်ရှိပါသည်။ ဆားလုပ်ငန်းသမားများအတွက် ဆားကွင်းများ ပြန်လည်လုပ်ကိုင်နိုင်ရန် ရေငန်တားတမံများ အမြန်ဆုံးပြန်လည်တည်ဆောက်ပေးလျက်ရှိသည့်အပြင် လုပ်ငန်းအတွက် လိုအပ်သည့် အဆောက်အအုံနှင့်ပစ္စည်းများ ပြန်လည်မ,တည်နိုင်ရန် ငွေကြေး ထောက်ပံ့မှုအစီအမံများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဤကဲ့သို့ နိုင်ငံတော်နှင့် ပြည်တွင်း၊ ပြည်ပ အလှူရှင်များ၏ ပံ့ပိုးလှူဒါန်း ကူညီဆောင်ရွက်ပေးမှုများကြောင့် လေဘေးသင့် ပြည်သူများအနေဖြင့် စိုက်မည့်သူကလည်း အချိန်မီ စတင်ထွန်ယက် စိုက်ပျိုးနိုင်ကြပြီဖြစ်သကဲ့သို့ ငါးဖမ်းမည့်သူကလည်း ငါးဖမ်းလှေငယ်များ၊ စက်တပ်ငါးဖမ်းလှေကြီးများဖြင့် ငါးဖမ်းလုပ်ငန်းများ ပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက်နိုင်ခဲ့ကြပြီဖြစ်ရာ လေဘေးသင့်ဒေသများသည် ယခင်ကထက်ပင် ပိုမိုအသက်ဝင်လှုပ်ရှားလျက် အားမာန်နိုးကြားတက်ကြွဖွယ် မြင်ကွင်းများဖြင့် အောင်မြင်သော အနာဂတ်ဆီသို့ ချီတက်နေကြပြီဖြစ်ပါသည်။ နိုင်ငံတော်ပိုင်းအနေဖြင့် လယ်ယာလုပ်ငန်း၊ ရေလုပ်ငန်း၊ ဆားလုပ်ငန်းများအတွက်သာမက ကုန်သည်၊ ဈေးသည်များအတွက်ပါ စာရင်းမှတ်စနစ်ဖြင့် မ,တည်ငွေများ ထုတ်ပေးလျက်ရှိရာ ဈေးဆိုင်ဖွင့် ရောင်းချသူများအတွက် ကျပ်ငါးသိန်းမှ ကျပ် ၁၅ သိန်းအထိလည်းကောင်း၊ ဆန်ရောင်းချသူများအတွက် ကျပ် ၁၅ သိန်းထိလည်းကောင်း မ,တည်ငွေများကို စာရင်းမှတ်စနစ်ဖြင့် ထုတ်ပေးပြီး လုပ်ငန်းများ အချိန်တိုအတွင်း ပြန်လည်ထူထောင်ဖွံ့ဖြိုးလာအောင် တွန်းအားပေး ပံ့ပိုးဆောင်ရွက်လျက်ရှိပါသည်။

တစ်ဖက်ကလည်း စာသင်ကျောင်း၊ ဆေးရုံ၊ ဘုန်းကြီးကျောင်း၊ ရုံး/ဌာနများအား ပြန်လည်တည်ဆောက်ရာတွင် မုန်တိုင်းဒဏ်ခံနိုင်သည့် အဆောက်အအုံများအဖြစ် အခိုင်အခံ့ တည်ဆောက်ပေးပြီး သာမန်အချိန်တွင် သက်ဆိုင်ရာလုပ်ငန်းများအတွက် အသုံးပြုစေလျက် လေပြင်းမုန်တိုင်းနှင့် ဒီရေလှိုင်းများ မြင့်တက်ချိန်တွင် ဒေသခံပြည်သူများအတွက် လေပြင်းမုန်တိုင်းဒဏ်၊ ဒီရေလှိုင်းကြီးများ၏ဒဏ်မှ ခိုလှုံရာနေရာ၊ အကာအကွယ်ယူရန် နေရာများအဖြစ် အသုံးပြုနိုင်ရန် ဒီဇိုင်းရေးဆွဲ တည်ဆောက်ပေးလျက်ရှိပါသည်။

ထို့အပြင် မြစ်ဝကျွန်းပေါ် ပင်လယ်ပိုင်းဒေသများအတွက် အဓိကကွန်ရက်လမ်းမကြီး (၅)ခုစီမံကိန်းကို စတင်အကောင် အထည်ဖော်နေပြီဖြစ်ရာ ယခုမိုးရာသီအတွင်း မြေသားလမ်းအဆင့်ပြီးအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ လမ်းကွန်ရက်စီမံကိန်းများမှာ ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေးအတွက် များစွာအထောက်အကူဖြစ်စေမည့်အပြင် မုန်တိုင်းဒဏ်နှင့် ဒီရေလှိုင်းဒဏ်ကာကွယ်ရေးအတွက်လည်း အစီအမံများ ပါရှိပါသည်။ အဆိုပါလမ်းမများကို အခြားနေရာများတွင် သာမန်လမ်းအမြင့်ဖြင့် ဖောက်လုပ်သွားမည်ဖြစ်သော်လည်း ရွာနှင့်နီးသည့် လမ်းအပိုင်းများကို ပေ ၂၀/၃၀ အမြင့်အထိ မြှင့်တင်တည်ဆောက်ပေးသွားမည်ဖြစ်ရာ သဘာဝဘေးကျရောက်ချိန်တွင် ဒေသခံပြည်သူများအနေဖြင့် ၎င်းလမ်းမကုန်းမြင့်များပေါ်တွင် ပင်လယ်ဒီရေလှိုင်း ကြီးများ၏ဘေးမှ ကင်းလွတ်အောင် ခိုလှုံရန်နေရာအဖြစ် အသုံးပြု နိုင်မည်ဖြစ်ပါသည်။ ၎င်းအပြင် နောင်ကာလများ၌ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများမှ ကာကွယ်နိုင်ရေးအတွက် ဒီရေတောများ ပြန်လည်ပြုစုပျိုးထောင် ထိန်းသိမ်းရေးလုပ်ငန်းများ ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဤကြိုးပမ်းစွမ်းဆောင်ချက်များကို သုံးသပ်ကြည့်ပါက နိုင်ငံတော်အနေဖြင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်များနှင့်အပြိုင် တစ်ချိန်တည်းမှာပင် ရေရှည်တွင် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ရေးအပိုင်းကိုလည်း အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ ထို့ကြောင့် လက်ရှိအခြေအနေတွင် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး၊ ရေရှည်အတွက် သဘာဝဘေး ကာကွယ်ရေးလုပ်ငန်းစဉ်များက ပိုမိုရှေ့တန်းရောက်လာပြီဖြစ်သည်ဟု ဆိုနိုင်ပါသည်။

သို့ဖြစ်၍ လက်ရှိအခြေအနေတွင် မုန်တိုင်းသင့်ဒေသနှင့် ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ကုန်၊ ဆေးဝါးပစ္စည်းများထက် ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေး၊ ရေရှည်ကာကွယ်ရေး လုပ်ငန်းများအတွက် ပစ္စည်းများသာ ပိုမိုလိုအပ်နေကြောင်း သိရှိရသည်။

ပြန်လည်ထူထောင်ရေးအပိုင်း၌ လေဘေးသင့်ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ကျွဲ၊ နွား၊ ထွန်စက်ငယ်၊ လက်တွန်းထွန်စက်၊ မျိုးစပါး၊ ဓာတ်မြေဩဇာ၊ ရေစုပ်စက်၊ မီးစက်၊ စက်သုံးဆီ၊ ငါးဖမ်းလှေ၊ ဒီဇယ်အင်ဂျင်၊ ငါးဖမ်းပိုက်၊ ရေလုပ်ငန်းသုံးကိရိယာများ၊ ဆားဖိုလုပ်ငန်းသုံးအဆောက်အအုံနှင့် ပစ္စည်းကိရိယာများ ထပ်မံဖြည့်ဆည်းပံ့ပိုးပေးရန် လိုအပ်လျက်ရှိသည်။ တည်ဆောက်ရေးလုပ်ငန်းများအတွက်လည်း သွပ်၊ သံ၊ ဘိလပ်မြေ၊ သစ်၊ ဝါး၊ သံချောင်းလုံးစသည့် ဆောက်လုပ်ရေးပစ္စည်းများ များစွာလိုအပ်လျက်ရှိကြောင်း သိရသည်။

သို့ပါ၍ မုန်တိုင်းသင့်ပြည်သူများအား ကူညီထောက်ပံ့လှူဒါန်းကြရာတွင် လက်ရှိအခြေအနေ၌ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးကာလဖြစ်သည့်အားလျော်စွာ အထက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းသုံး ပစ္စည်းများကို ပိုမိုဦးစားပေး ထောက်ပံ့ကူညီလှူဒါန်းကြရန် လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

...ပံ့ရေးပစ္စည်းများရရှိမှုအခြေအနေ
၂၈ - ၆ -၂၀၀၈ အထိ

...ကုန်/ ...တန်ချိန်)	ပြန်လည်ထူထောင်-တည်ဆောက်ရေး: ဆောက်လုပ်ရေး ပစ္စည်း(တန်ချိန်)	ပြန်လည်ထူထောင်-တည်ဆောက်ရေး: အသက်မွေးဝမ်းကျောင်း ပစ္စည်း(တန်ချိန်)	စုစုပေါင်း (တန်ချိန်)
၂. ၉၆၇	-	-	၅၆၅. ၆၂၂
၈. ၄၂၅	-	-	၂၂၅. ၅၃၃
၄. ၅၆၈	-	-	၂၄၀. ၃၀၈
၈. ၉၂၃	၁၈. ၂၉	-	၆၅. ၇၁၃
၆. ၁၈၆	-	-	၅၇. ၄၉၄
၄. ၆၅၄	-	-	၁၇. ၁၅၄
-	-	-	၁၆. ၄
၁၁. ၈၉	၁၅	-	၄၂. ၁၉
၉. ၃၄	-	-	၉. ၃၄
၂၂. ၅	-	-	၂၂. ၅
၇. ၇၆၇	-	-	၆၃. ၇၁၇
၆၉. ၉	၅. ၇၅	-	၁၀၈. ၆၅
၁၁၅	-	-	၁၃၇. ၄
၃. ၅၇	-	-	၃၅. ၄၄
-	၅. ၅	-	၆၅. ၁၁၇
၁၄. ၉	-	-	၁၄. ၉
၄၀	-	-	၄၀
၆. ၃၂၅	၆၁. ၅	-	၁၃၉. ၅၉၉
၁၁. ၆	-	-	၂၄. ၇၈
၇. ၀၂၈	**၁၆. ၇**	**၃၂. ၇၇(ကျွဲ၊နွားအစာ)**	**၁၅၀၃. ၄၃**
၂. ၆	-	-	၂၉. ၆
-	-	-	၃၂
-	-	-	၂၆. ၃၄၉
၇. ၃၃၂	-	-	**၃၆၃. ၄၃၁**
-	-	-	၅၅
-	-	-	၈၆. ၀၄၉
၁. ၅၅၇	-	-	၃၆၆. ၂၉၇
-	-	-	၁၅. ၇
၃	-	-	၃
-	-	-	၃၉. ၉
-	-	-	၅၂. ၄
-	-	-	၆. ၇၆၉
၄. ၂၉၇	-	-	**၁၆၄၅. ၆၂**
-	-	-	၅၁. ၃၁၆

နိုင်ငံတကာမှထောက်ပံ့ရေးပစ္စည်းများရရှိမှုအခြေအနေ
၆-၅-၂၀၀၈ မှ ၂၈ - ၆ -၂၀၀၈ အထိ

စဉ်	နိုင်ငံ၊ အဖွဲ့အစည်း	ကယ်ဆယ်ရေး: ကယ်ဆယ်ရေး ပစ္စည်း(တန်ချိန်)	ကယ်ဆယ်ရေး: စားသောက်ကုန်/ ဆေးဝါး(တန်ချိန်)	ပြန်လည်ထူထောင်-တည်ဆောက်ရေး: ဆောက်လုပ်ရေး ပစ္စည်း(တန်ချိန်)	ပြန်လည်ထူထောင်-တည်ဆောက်ရေး: အသက်မွေးဝမ်းကျောင်း ပစ္စည်း(တန်ချိန်)	စုစုပေါင်း (တန်ချိန်)
၃၅	MSF	၇၅. ၆၉၂	၆၀. ၆၇၉	-	-	၁၃၆. ၃၇၁
၃၆	JUDSON	၁၁. ၈၂၈	-	-	-	၁၁. ၈၂၈
၃၇	UNHCR	၃၆၀. ၂၀၇	-	-	-	၃၆၀. ၂၀၇
၃၈	UNICEF	၇၄	၁၁၁. ၁၈၂	-	-	၁၈၅. ၁၈၂
၃၉	IFRC	၆၀၃. ၃၃၅	၁၉. ၃၁	၂၀. ၅၅	-	၆၄၃. ၁၉၅
၄၀	JICA	၂၇. ၈၇	-	-	-	၂၇. ၈၇
၄၁	DFIT	၂၈၁. ၈၆	-	-	-	၂၈၁. ၈၆
၄၂	ကမ္ဘာ့ဆရာဝန်များအဖွဲ့		၃၄. ၅၅၅	-	-	၃၄. ၅၅၅
၄၃	စပိန်(ကြက်ခြေနီ)	၄၄. ၅၆၆	-	-	-	၄၄. ၅၆၆
၄၄	နယ်သာလန် (ကြက်ခြေနီ)	-	၁. ၅၂	-	-	၁. ၅၂
၄၅	ဟော်လန် (နယ်စည်းမခြား)	၁၀၇. ၅၉	-	-	-	၁၀၇. ၅၉
၄၆	ဗြိတိန် (နယ်စည်းမခြား)	၇၇. ၁	-	-	-	၇၇. ၁
၄၇	ပြင်သစ် (နယ်စည်းမခြား)	၁၂. ၅၉	၄. ၅	၃၀	-	၄၇. ၀၉
၄၈	ဘယ်လာရုစ် (နယ်စည်းမခြား)	-	၃၅. ၅	-	-	၃၅. ၅
၄၉	ဆွစ်ဇာလန် (နယ်စည်းမခြား)	၁၀၆. ၇၇၇	၆၆. ၁၇၉	-	-	၁၇၂. ၉၅၆
၅၀	အိန္ဒိယ (နယ်စည်းမခြား)	၃၄. ၇	-	-	-	၃၄. ၇
၅၁	အင်ဒိုနီးရှား (နယ်စည်းမခြား)	၃၇. ၄၂	-	-	-	၃၇. ၄၂
		၅၈၁၄. ၀၄၆	**၂၃၈၈. ၁၅၄**	**၁၇၃. ၂၉**	**၃၂. ၇၇**	**၈၄၀၈. ၂၆**

✱ နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများရရှိမှုမှာ ကယ်ဆယ်ရေးကာလ၌ လိုအပ်သည့် ကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ များစွာပါဝင်နေသည်ကို တွေ့ရှိရပါသည်။

✱ ယခုကာလသည် မုန်တိုင်းသင့်ဒေသများအတွက် ကယ်ဆယ်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို နိုင်နင်းစွာဖြည့်ဆည်းပံ့ပိုး ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်သည့်အတွက် ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းစဉ်များသို့ ကူးပြောင်းအကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါသည်။

✱ လက်ရှိအခြေအနေ၌ ပြန်လည်ထူထောင် တည်ဆောက်ရေး လုပ်ငန်းများအတွက် ဆောက်လုပ်ရေးပစ္စည်းများဖြစ်သည့် သွပ်၊ သံ၊ ဘိလပ်မြေ၊ သစ်၊ သံချောင်းလုံးများနှင့် အသက်မွေးဝမ်းကျောင်း ပစ္စည်းများဖြစ်သည့် ထွန်စက်၊ မျိုးစပါး၊ ဓာတ်မြေဩဇာ၊ ရေစုပ်စက်၊ မီးစက်၊ စက်သုံးဆီ၊ ငါးဖမ်းလှေ၊ စက်၊ ငါးဖမ်းပိုက်များကို ပိုမိုဦးစားပေး ထောက်ပံ့လှူဒါန်းကြရန် လိုအပ်လျက်ရှိပါသည်။

လေဘေးသင့် ဘုန်းတော်ကြီးကျောင်းများအတွက် အလှူငွေနှင့် ဗုဒ္ဓစာပေစာအုပ်များ ပေးအပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၃

လေဘေးသင့် ဘုန်းတော်ကြီးကျောင်းများအတွက် အလှူငွေနှင့် ဗုဒ္ဓစာပေစာအုပ်များပေးအပ်လှူဒါန်းပွဲကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ) ဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် အလှူရှင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ၂၇ လမ်း၊ အမှတ်(၄၉)နေ ဦးတင်စိန်-သီရိသုဓမ္မသိဂီ ဒေါ်ကျင်သိန်း မိသားစုက ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ငွေဇင်ယော်ကျေးရွာရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအတွက် အလှူငွေကျပ်သိန်း ၂၆၀၊ အလှူရှင် ဦးချမ်းသာ-ဒေါ်ဥမ္မာမြင့် (သုခစုံ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ) ဝန်ထမ်းမိသားစုက ငွေကျပ် ၅၀၅၀၀၀၀ တန်ဖိုးရှိ “ဗုဒ္ဓဘာသာကောင်း” စာအုပ် အုပ်ရေ ၁၀၀၀၊ “ဗုဒ္ဓဘာသာ လက်စွဲကျမ်း ပထမတွဲနှင့် ဒုတိယတွဲ အုပ်ရေ ၂၅၀စီတို့ကို ပေးအပ်လှူဒါန်းကြရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

(သတင်းစဉ်)

အသက်(၁၉)နှစ်အောက် ပြည်နယ်နှင့်တိုင်း လူသစ်တန်း အမျိုးသား ဘောလုံးပြိုင်ပွဲများကျင်းပ

ရန်ကုန် ဇူလိုင် ၁၃

၂၀၀၈ ခုနှစ် (၉)ကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား အသက် (၁၉) နှစ်အောက် ပြည်နယ်နှင့်တိုင်း လူသစ်တန်း အမျိုးသား ဘောလုံးပြိုင်ပွဲများကို သက်ဆိုင်ရာဇုန် ဘောလုံးကွင်းများ၌ ယနေ့ဆက်လက်ကျင်းပရာ ရွှေညောင်ဇုန်၌ စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့သည် တစ်ဂိုးစီ သရေပွဲအဖြစ် လည်းကောင်း၊ လွိုင်ကော်(၁)ဇုန်၌ ကယားပြည်နယ်က ရှမ်းပြည်နယ်(အရှေ့)ကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ လွိုင်ကော်(၂)ဇုန်၌ တနင်္သာရီတိုင်းက ကချင်ပြည်နယ်ကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိသွားကြသည်။

ဇူလိုင် ၁၄ ရက်တွင် လွိုင်ကော်(၁)ဇုန်၌ ပဲခူးတိုင်းနှင့် မကွေးတိုင်း၊ လွိုင်ကော်(၂)ဇုန်၌ ဧရာဝတီတိုင်းနှင့် မွန်ပြည်နယ်တို့ ဆက်လက်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော် အော်တိုအိတ်ချိန်းများ စစ်ဆေး

ရန်ကုန် ဇူလိုင် ၁၃

ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်သည် ယနေ့တွင်ရန်ကုန်တိုင်း ကော့မှူးမြို့ အော်တိုအိတ်ချိန်းနှင့် ကွမ်းခြံကုန်းမြို့အော်တိုအိတ်ချိန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ကွမ်းခြံကုန်း ဆက်သွယ်ရေးစခန်း တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ဒေးဒရဲမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အင်ဂျင်နီယာချုပ်များ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံပြီးဒေးဒရဲအိတ်ချိန်းနှင့် မိုက္ကရိုဝေ့ဗ်စခန်း တည်ဆောက်မည့်မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ဖျာပုံမြို့ အပြည်ပြည်ဆိုင်ရာ ရေအောက်ကေဘယ်လ်စခန်း၌ စက်ပစ္စည်းများတပ်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ဧရာဝတီတိုင်းအတွင်း မိုက္ကရိုဝေ့ဗ်စခန်းနှင့် CDMA ၄၅၀ စခန်းရုံး တည်ဆောက်မည့်မြေနေရာအား ရွေးချယ်သတ်မှတ်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ရန်ကုန်မြို့ ကျိုက္ကဆံဝင်းအတွင်းလေမုန်တိုင်းတိုက်ခတ်မှု ကြောင့်ပျက်စီးသွားသော အိတ်ချိန်းအစား အသစ်တပ်ဆင်ထားသည့် TWD 06 အိတ်ချိန်းတပ်ဆင်ထားရှိမှုကို စစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကြည့်ရှု စစ်ဆေး

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဖျာပုံမြို့ အပြည်ပြည်ဆိုင်ရာရေအောက် ကေဘယ်လ်စခန်းတွင်ကြည့်ရှု စစ်ဆေးစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၇-၂၀၀၈ (တနင်္လာနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ဘုရားပွင့်လာရခြင်း" တရားတော် (အပိုင်း-၆) (ဆရာတော် အရှင်ပုညာနန္ဒ)
၈း၀၀ - ၂း၀၀	Rainforest Homeland (အပိုင်း-၂)
၈း၂၅ - ၂း၂၅	တေးဂီတအစီအစဉ်
၈း၃၀ - ၂း၃၀	MRTV-4 ကျန်းမာရေးကဏ္ဍ [ဒေါ်တင်နွယ်ဦး(မှန်ချိုဆေးတိုက်)နှင့်တွေ့ဆုံခြင်း]
၈း၅၀ - ၂း၅၀	တေးဂီတအစီအစဉ်
၈း၅၅ - ၂း၅၅	သာသနာ့အမွေခံရှင်ပြုရဟန်းခံ
၉း၁၀ - ၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ - ၃း၂၀	'အရိယာဉာဏ်ဖြင့်သာ ဝင်စားအပ်သော အမြတ်တကာ့အမြတ်ဆုံး နိဗ္ဗာန်' တရားတော်[ဒေါက်တာချစ်ငယ်(ဒဿန)Ph.D
၉း၃၅ - ၃း၃၅	မြန်မာ့သနပ်ခါး
၉း၅၀ - ၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅ - ၃း၅၅	ပတ္တမြားမြေမှ ရတနာပျိုးခင်း
၁၀း၁၀ - ၄း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅ - ၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀ - ၄း၂၀	အမျိုးသားဆေးပညာအမွေပေးရာ-တိုင်းရင်းဆေးတက္ကသိုလ် (အပိုင်း-၂)
၁၀း၄၅ - ၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀- ၄း၅၀	စိတ်ဝင်စားစရာကျောက်မျက်ကမ္ဘာ (ရတနာတို့ရဲ့အရှင်သခင် စိန်ဘုရင်)
၁၁း၃၅ - ၅း၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၄၅ - ၅း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀ - ၅း၅၀	ပျော်ရွှင်ကျန်းမာသန့်စင်သောအစာ(ဆုပန်ထွာ၊ပွင့်၊ဟဲဗီးဖြိုး) (ဒါရိုက်တာ-ကြည်စိုးထွန်း)
၁၁း၅၅ - ၅း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၀ - ၆း၀၀	ရွေးချယ်အစုံစုံရင်သွေးရိပ်မြုံ(STREAMLINE)
၁၂း၁၀ - ၆း၁၀	တေးဂီတအစီအစဉ်
၁၂း၁၅ - ၆း၁၅	ကလေးများအတွက်နိမ်နင်းကာကွယ် သွေးလွန်တုပ်ကွေးအန္တရာယ်
၁၂း၃၅ - ၆း၃၅	VJ Choice
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၁၃

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP)မှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၆၁ ဒသမ ၁၄၄တန်သည် ယမန်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပန်းဘဲတန်း မဟာသိမ်တော်ကြီး ဓမ္မာရုံ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်

ရန်ကုန် ဇူလိုင် ၁၃

၁၃၇၀ပြည့်နှစ် ဝါဆိုလပြည့်နေ့(ဇူလိုင် ၁၇ရက်)ည ၇နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ဓမ္မာရုံ၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသီရိဘိဝံသက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဓမ္မပိမာန် ဓမ္မာစရိယသင်တန်း ဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၃

ဓမ္မပိမာန် ဆရာတော် ဘဒ္ဒန္တသာသနဝရ၏ ဦးဆောင်မှုဖြင့် ဓမ္မာစရိယသင်တန်းကို ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်း၊ အဘယာရာမတိုက်၊ စိန်ရတနာကျောင်း၌ ဓမ္မပိမာန်ဆရာတော် ဘဒ္ဒန္တသာသနဝရ (ဓမ္မာစရိယ၊ M.A) (သီရိလင်္ကာ) က ပါရာဇိကဏ်အဋ္ဌကထာနှင့် အဋ္ဌသာလိနီ အဋ္ဌကထာတို့ကို လည်းကောင်း၊ ဆရာဦးထွန်းဦး (မဟာဓမ္မာစရိယ၊ M.A, ပါဠိပါရဂူ၊ ပိဋကတ္တယပါရဂူ)က သီလက္ခန်အဋ္ဌကထာကိုလည်းကောင်း (၁၃၇၀ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်) ၂၁-၇-၂၀၀၈နေ့ မွန်းလွဲ ၁နာရီမှစ၍ ဓမ္မဒါနအဖြစ် သင်ကြားပို့ချပေးမည်ဖြစ်ပါ၍ တက်ရောက်လိုသော သံဃာတော်အရှင်သူမြတ်တို့သည် ဓမ္မပိမာန်၊ အမှတ်(၆၀၆)၊ ဒုတိယထပ်၊ ၅-လမ်းနှင့် ၆-လမ်းကြား၊ ကမ်းနားလမ်း၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၂၁၁၃၅၉ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(က-ပ)

ကျောင်းနှင့် ဝန်းကျင်စိမ်းလန်း စိုပြည်ရေးအတွက် ဇူလိုင် ၁၃ရက်က လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင်ဆရာမများနှင့် ကျောင်းသူများ သစ်ပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။

(ပညာရေး)

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားကောင်းမည်

ရန်ကုန် ဇူလိုင် ၁၃

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်တို့တွင်နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့်စစ်ကိုင်းတိုင်းအထက် ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ကာ ပဲခူးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ နေပြည်တော်တွင် ၀ဒသမ၄၃လက်မ၊ ပဲခူးမြို့တွင်၄ဒသမ၄၉လက်မ၊ မောင်တောမြို့တွင် ၂ဒသမ၈၇လက်မ၊ ခန္တီးမြို့တွင် ၂ဒသမ၆၄လက်မ၊ မော်လမြိုင်မြို့တွင် ၂ဒသမ၄၄လက်မ၊ စစ်တွေမြို့တွင် ၁ဒသမ၅၇လက်မနှင့် ဟုမ္မလင်းမြို့တွင် ၁ဒသမ၄၆လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းနေသည်။

ဇူလိုင် ၁၃ရက် ညနေအထိ ခန့်မှန်းချက်

ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့်ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားကောင်းမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၁ ဒသမ ၇ ဒီဂရီစင်တီဂရိတ် (၈၉ ဒီဂရီဖာရင်ဟိုက်) ၁၂-၇-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်(၇၁ ဒီဂရီဖာရင်ဟိုက်) ၁၃-၇-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၄ ရာခိုင်နှုန်း ၁၃-၇-၂၀၀၈

နေပူသည့်နာရီပေါင်း ၅ဒသမ၈ နာရီခန့် ၁၂-၇-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၃-၇-၂၀၀၈	၂၄မမ (၀ဒသမ၉၄လက်မ)	၁၉မမ (၀ဒသမ၇၅လက်မ)	၁၀မမ (၀ဒသမ၃၉လက်မ)
၁-၁-၂၀၀၈ မှ ယနေ့အထိ	၁၂၇၈ မမ (၅၀ဒသမ၃၁လက်မ)	၁၅၂၄မမ (၆၀ဒသမ၀၀လက်မ)	၁၈၅၀ မမ (၇၂ဒသမ ၈၃ လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၂-၇-၂၀၀၈ ရက်၁၆း၂၀ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ၁၀ မိုင်နှုန်း တိုက်ခတ်သည်။

အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသော ပြင်စလူမြို့ ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများ

သတင်းဆောင်းပါး-မျိုးညွန့်
ဓာတ်ပုံ- သန့်ဇင်ထွန်း(ကြေးမုံ)

ကာကွယ်ရေး ဝန်ကြီးဌာန ပြန်လည် နေရာချထားရေး ညွှန်ကြားရေးမှူးရုံးမှ ဗိုလ်မှူး မျိုးမြင့် ရှင်းပြစဉ်။

ပင်လယ်ပြင်နှင့် အနီးဆုံးတွင် တည်ရှိသည့် လပွတ္တာမြို့နယ် ပြင်စလူမြို့သို့ မိမိတို့ သတင်းအဖွဲ့ ဇူလိုင် ၁ ရက်က ဒုတိယအကြိမ် တစ်ခေါက်ရောက်ခဲ့ကြသည်။ ပြန်လည် ထူထောင်တည်ဆောက်ရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဒေသခံပြည်သူများ၊ ပြည်နယ်၊တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ တပ်မတော်သားများ ပူးပေါင်း၍ ဆောက်လုပ်နေကြသည်ကို မိမိတို့ သတင်းအဖွဲ့တွေ့မြင်ကြရ၍ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းပြီး သတင်းစကား ရယူခဲ့ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးအောက်ရှိ အမှတ်(၁) တပ်မတော် အသက်မွေးမှု အတတ်ပညာ

မက်(စ်)မြန်မာမှ စီမံကိန်းဒါရိုက်တာ ဦးအောင်မျိုးမြင့် ရှင်းပြစဉ်။

အဖွဲ့ဖြစ်ပြီး ပြင်စလူမြို့၌ အခြေပြုကာ အနီးဝန်းကျင်ကျေးရွာများ ဖြစ်သည့် လေယာဉ်ကွင်း၊ ရွာသာအေး၊ နံ့သာကုန်း၊ ကုန်းကြီး၊ ဝါးပိုးကုန်း၊ ကျားချောင်း စသည့် ကျေးရွာများ၌ လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုများကို ရှင်းလင်းပေးခြင်း၊ နေအိမ်များ ပြန်လည်ဆောက်လုပ်ပေးခြင်း၊ ရေငန်ဝင် လယ်မြေများ၊ သောက်ရေကန်များကို ဖောက်ထုတ်ပေးခြင်း၊ စိုက်ပျိုးရေးအတွက် လိုအပ်သည့် ကန်သင်းဖို့ခြင်း၊ မြေပြင်ထွန်ယက်ခြင်း လုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ဗိုလ်မှူးမောင်မောင်မြင့်က သတင်းအဖွဲ့အား ရှင်းပြသည်။

ဆက်လက်၍ ပြန်လည်ထူထောင်တည်ဆောက်ရေး လုပ်ငန်းများတွင် ပြည်နယ်၊ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များကလည်း ပြင်စလူမြို့တွင် အခြေပြုပြီး ပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ ကွင်းဆင်းပြီး ဒေသခံပြည်သူများကို ပူးပေါင်းပါဝင် ကူညီနေကြသည်။ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်၊ ကျေးရွာ နေအိမ်ဝန်းကျင် သန့်ရှင်းရေး၊ ပိုးမွှားအန္တရာယ် ကာကွယ်ရေး လုပ်ငန်းများ၊ သောက်သုံးရေကန် ပြန်လည် ဆယ်ယူခြင်းလုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်ရေးကောင်းစေရန် လမ်းများပြုပြင်ခြင်းနှင့် စိုက်ပျိုးနိုင်ရေးအတွက် ထွန်စက်များ တပ်ဆင်ရေးကို စက်မှုလယ်ယာနှင့် ပူးပေါင်းပြီး နေ့စဉ်ပါဝင် ဆောင်ရွက်ပေးခဲ့သည်။

ပြင်စလူမြို့ လမ်းဘေးဝဲ၊ ယာတို့၌ ဆေးဖျန်းနေကြသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များအား မိမိတို့ တွေ့ဆုံမေးမြန်းရာ မုံရွာခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်

ပြင်စလူမြို့တွင် လယ်ယာမြေများ ထွန်ယက်နေစဉ်။

ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဖြိုးမောင်မောင်က ၎င်းတို့အဖွဲ့တွင် စစ်ကိုင်းတိုင်း၊ ရန်ကုန်တိုင်း၊ ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ၄၉ ဦးပါဝင်ကြောင်း၊ ၎င်းတို့အဖွဲ့ ဤဒေသသို့ ရောက်လျှင်ရောက်ချင်း လိုအပ်ချက်များကို လေ့လာပြီး အခြေခံလိုအပ်ချက်များ ကစကာ ပူးပေါင်းပါဝင် ကူညီပေးကြကြောင်း။

လုပ်ငန်းများ လုပ်ဆောင်ကြရာတွင် အဖွဲ့သုံးဖွဲ့ခွဲပြီး ဒေသခံပြည်သူများကို ကူညီဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းတို့အဖွဲ့(၂)က ခြောက်ယောက်တစ်ဖွဲ့ခွဲပြီး မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ဆေးဖျန်းပေးခြင်းနှင့် ဒေသအိမ်ရာဆောက်လုပ်ရာတွင်ပါဝင် လုပ်အားပေးလျက်ရှိကြောင်း၊ အဖွဲ့(၁)နှင့် အဖွဲ့(၃)က ယနေ့ဝါးပိုးကုန်းကျေးရွာ သွားရောက်ပြီး လမ်းပန်းဆက်သွယ်ရေးအတွက် လမ်းရှင်းခြင်းများမှ ဒေသခံပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့်အတူ ပူးပေါင်း၍လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း၊ ထိုကဲ့သို့ နေ့စဉ် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသဖြင့် ကျေးရွာဝန်းကျင်များ တစ်နေ့ထက်တစ်နေ့ ပိုမိုသန့်ရှင်းပြီး လယ်ယာမြေများလည်း စိုက်ပျိုးရန်အသင့် ထွန်ယက်နိုင်ပြီဖြစ်ကြောင်းဖြင့် ရှင်းပြသည်။

မိမိတို့သည် ပြင်စလူမြို့ (၃) ရပ်ကွက်၌ လယ်မြေများ ထွန်ယက်နေမှုကိုလည်း တွေ့မြင်ခဲ့ကြရသည်။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ပြင်စလူမြို့နှင့် အောင်လှိုင်၊ ကျားချောင်း၊ ထန်းပင်ကုန်း၊ ကွင်းယား၊ ဝါးပိုးကုန်း၊ နံ့သာကုန်း၊ သပြေချိုင်၊ ကံကြီးထောင့်၊ လေယာဉ်ကွင်း၊ ရွာသာအေး စသည့် ကျေးရွာများရှိ တောင်သူများကို မျိုးစပါးများ ဖြန့်ဝေပေးထားကာ စက်မှုလယ်ယာ ဦးစီးဌာနက လက်တွန်းထွန်စက် ၇၆ စီး ဖြန့်ဝေပြီးဖြစ်ရာ ဧက ၇၀၀

ဧရာဝတီ ရေတပ်စခန်း ဌာနချုပ်မှ ဗိုလ်မှူး မောင်မောင်မြင့် ရှင်းပြစဉ်။

ကျော် ထွန်ယက်ပြီး ဖြစ်ကြောင်းကိုလည်း သိရှိခဲ့ရသည်။

ဆက်လက်၍ မိမိတို့သတင်းအဖွဲ့သည် ပြန်လည်ထူထောင် တည်ဆောက်ရေး လုပ်ငန်းများတွင်

ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးမှ စစ်သည်များ အိမ်ရာဆောက်လုပ်ရေးစီမံကိန်းတွင် ပါဝင်လုပ်အားပေး ဆောင်ရွက်နေကြစဉ်။

ဆောင်ရွက်နေသည်ကို ပြင်စလူမြို့ ဆိပ်ကမ်းမှ တက်လျှင်တက်ချင်း မြင်တွေ့ကြရသည်။ ပြင်စလူမြို့ ကမ်းနားလမ်း၌ ပထမအကြိမ် ရောက်ရှိခဲ့စဉ်က ရွက်ဖျင်တဲများ အစီအရီဖြင့် ရှိနေသောနေရာတွင် ယခုအခါ မက်(စ်)မြန်မာကုမ္ပဏီ၏ အစီအစဉ်ဖြင့် လူနေအိမ်များ တည်ဆောက်နေသည်ကို တွေ့မြင်ကြရသည်။

ရွက်ဖျင်တဲများအစား ယခုအခါ လူနေအိမ်များ ဆောက်လုပ်နေထိုင်ကြပြီး ရပ်ကွက်အလိုက် ဖွဲ့စည်း၍ စနစ်တကျသပ်ရပ်စွာ နေရာချထားပေးသည်ကိုလည်း တွေ့မြင်ကြရသည်။ တည်ဆောက်နေသော နေအိမ်များတွင် မက်(စ်)မြန်မာကုမ္ပဏီမှ ဆောက်လုပ်ရေးဝန်ထမ်းများ၊ သင်စခန်းမှ စစ်သည် ၈၁ ဦး၊ အမှတ်(၁)အင်အားဖြည့်တင်းရေးနှင့် ပြန်လည်နေရာချထားရေးတပ်မှ စစ်သည် ၁၉ ဦး စုစုပေါင်း စစ်သည်အင်အား ၁၀၀ က မက်(စ်)မြန်မာက တည်ဆောက်နေသည့်လူနေအိမ်တည်ဆောက်ရေးစီမံကိန်းတွင်ပါဝင်ပူးပေါင်း ဆောင်ရွက်နေကြပြီး တစ်နေ့ အိမ်ရှစ်လုံး ဆောက်လုပ်ပေးလျက်ရှိကြောင်း ဗိုလ်မှူးမျိုးမြင့်က မိမိတို့ သတင်းအဖွဲ့အား ရှင်းပြသည်။

ထို့နောက် ပြင်စလူမြို့ ဆိပ်ကမ်းမှ ဆောက်လုပ်ရေးပစ္စည်းများကို သယ်ယူလျက်ရှိသော တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များကိုလည်း တွေ့မြင်ကြရသည်။ ယင်းအဖွဲ့မှာ ဧရာဝတီ ရေတပ်စခန်းဌာနချုပ်မှ စစ်သည်အင်အား ၅၀ ပါဝင်သော

လုပ်ငန်းများ ပူးပေါင်းကူညီဆောင်ရွက်လျက်ရှိကာ ဆေးအဖွဲ့က လေယာဉ်ကွင်းကျေးရွာသို့သွားရောက်ကာ ဆေးကုသမှု ပေးနေကြကြောင်း၊ ၎င်းတို့အဖွဲ့ အားကြိုးမာန်တက် လုပ်ဆောင်ကြသည်ကို ဒေသခံပြည်သူများက ဝမ်းပန်းတသာကြိုဆိုလက်ခံကြကြောင်း၊ ထို့အပြင် ကျေးရွာ

မုံရွာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဖြိုးမောင်မောင် ရှင်းပြစဉ်။

ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ဆေးဖျန်းနေစဉ်။

မက်(စ်)မြန်မာကုမ္ပဏီ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကို သိရှိလို၍ စီမံကိန်းဒါရိုက်တာ ဦးအောင်မျိုးမြင့်အား တွေ့ဆုံမေးမြန်းရာ “ ၎င်းတို့ မက်(စ်)မြန်မာကုမ္ပဏီက ပထမအဆင့်အနေနဲ့ ဆေးရုံ၊ ဆေးခန်းနှင့် ကျောင်းဆောက်လုပ်ရေးများကို ဦးစားပေးဆောင်ရွက်ပြီး ဒုတိယအဆင့် လူနေအိမ်စီမံကိန်း၊ တတိယအဆင့် ဧက ၅၀၀၀ စပါး စိုက်ပျိုးရေးတို့ကိုဆောင်ရွက်လျက်ရှိကြောင်း၊ လူနေအိမ်များကို ရေငန်ဒေသဖြစ်၍ ရာသီဥတုဒဏ်ခံနိုင်ရေးအတွက် အလူဇင့် အမိုးပြားများကို အသုံးပြုထားကြောင်း” ရှင်းပြသည်။

ယင်းနောက် မိမိတို့သတင်းအဖွဲ့သည်ဌာန၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများအား နှုတ်ဆက်ကာ လပွတ္တာမြို့သို့ ရေယာဉ်ဖြင့် ပြန်လည် ထွက်ခွာခဲ့ကြသည်။ ။

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။
* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်

ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၇၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

ယနေ့သတင်းဆောင်းပါးအညွှန်း

"မြစ်ဝကျွန်းပေါ် ပင်လယ်ပိုင်းဒေသများအတွက် အဓိကကွန်ရက်လမ်းမကြီး (၅)ခု စီမံကိန်းကို စတင်အကောင်အထည်ဖော်နေပြီဖြစ်ရာ ယခု မိုးရာသီအတွင်း မြေသားလမ်းအဆင့်ပြီးအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိ။ အဆိုပါ လမ်းကွန်ရက် စီမံကိန်းများမှာ ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေးအတွက် များစွာ အထောက်အကူဖြစ်စေမည့်အပြင် မုန်တိုင်းဒဏ်နှင့် ဒီရေလှိုင်းဒဏ် ကာကွယ်ရေးအတွက်လည်း အစီအမံများပါရှိ"

ကျော်စွာငယ်၏ "**မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်တည်ဆောက်ရေးအတွက် ကူညီထောက်ပံ့လှူဒါန်းကြရာတွင်**" (သတင်းဆောင်းပါး) စာမျက်နှာ-၇၉

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရန် အလုပ်သင်ဆရာဝန် ၅၅ ဦး ဧရာဝတီတိုင်းသို့ ထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၃

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများသို့ ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဆရာဝန်များ၊ သူနာပြုများ၊ အခြေခံ ကျန်းမာရေးဝန်ထမ်းများသည် စဉ်ဆက်မပြတ်သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိသည်။

ဆေးတက္ကသိုလ်(၁)ရန်ကုန်နှင့် ဆေးတက္ကသိုလ်(၂)ရန်ကုန်တို့မှ အလုပ်သင်ဆရာဝန် ၅၅ဦးတို့သည် ယနေ့ နံနက်ပိုင်းတွင် ကြီးကြပ်သူများလိုက်ပါလျက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ လေဘေးသင့်ဒေသများဖြစ်သော ရန်ကုန်တိုင်း ကွမ်းခြံကုန်း၊ ကော့မှူး၊ ကျောက်တန်း၊ တွံတေးမြို့နယ်နှင့် ဧရာဝတီတိုင်း လပွတ္တာ၊ မြောင်းမြ၊ ဝါးခယ်မနှင့် ဘိုကလေးမြို့နယ်တို့သို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်သွားရောက်ကြရာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာဝင်းမြင့်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာနုနုသာနှင့် တာဝန်ရှိသူများက နှုတ်ဆက်အားပေးပြီး လိုအပ်သည့် ကူညီပံ့ပိုးမှုများကို ဆောင်ရွက်ပေးကြသည်။ အဆိုပါ စေတနာ့ဝန်ထမ်းအလုပ်သင်ဆရာဝန်များသည် လေဘေးသင့်ဒေသရှိ ပြည်သူများအား ဆေးဝါးကုသပေးခြင်း၊ ကူးစက်ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများကို ဒေသခံကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ အခမဲ့လုပ်အားဒါန ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)